မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၅၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မွန်ပြည်နယ်အတွင်း ခြီစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲအခမ်းအနားများ ကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ပျိုးပင်နှင့်ပျိုးကိုင်းများစိုက်ပျိုးပေး ဇီဝဒီဇယ်အသုံးပြုကြိတ်စက်ဖြင့် ကြက်ဆူဆီထုတ်ယူနေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၄

မွန်ပြည်နယ် သထုံမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့နှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ရက် နံနက်ပိုင်းတွင် ပေါင်မြို့နယ်သို့ရောက်ရှိကာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တည်ဆောက်ပြီးစီးသွားသည့် ရင်ငြိမ်ရေထိန်းတံခါးဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက်၁၁နာရီတွင် မုတ္တမမြို့သို့ရောက်ရှိကြပြီး သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း မုတ္တမဘက်ကမ်းရှိ မုတ္တမရပ်စခန်း ဘူတာအဝင် ဘူတာယာဒ်ဝင်းမှ ကမ်းကပ်ခုံ A 2 အထိ ရထားလမ်းခင်းကျင်းပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးရာ စီမံကိန်းအင်ဂျင်နီယာ ဦးလွှမ်းသူက လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မုတ္တမဘက်ကမ်း ပလက်ဖောင်း Sheed တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ချဉ်းကပ်တံတား တိုင်ပေါ်သို့ P.C Girder တင်ခြင်း

စာမျက်နှာ ၉ ကော်လံ ၁ ❐

ခြံစည်းရိုးကြက်ဆူပင်ပျိုးကိုင်းများ ပျိုးထောင်စိုက်ပျိုးပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်တွင် ကြက်ဆူပင်ပျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ပြည်တွင်းနှင့်အင်တာနက်သတင်းအညွှန်း

ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်မှ ကျောင်းသားလူငယ်တစ်ဦး ကွန်ပျူတာများပေါ်တွင် မြန်မာစာအသုံးပြုမှုကို တီထွင်နိုင်ပြီ
သတင်းမှတ်စု(ကျောဖုံး)

ပြတိုက်တွင် သိမ်းဆည်းထားမည့် လေယာဉ်
အင်တာနက် သတင်းနှင့် ဓာတ်ပုံ(စာ–၆)

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အိမ်ရှင်ဂျာမနီ အကောင်းဆုံး ပြင်ဆင်ထားပြီ
သတင်းအကျယ် (စာ–၁၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၅ ရက်)

လူကုန်ကူးမှု အောင်မြင်စွာတိုက်ဖျက်နိုင်ရေး ဌာနပေါင်းစုံ ပါဝင်ပူးပေါင်းဆောင်ရွက်

လူကုန်ကူးမှုပြဿနာသည် လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုဖြစ်ပြီး လူ့အသိုင်းအဝိုင်းက လက်မခံနိုင်သည့် ပြဿနာလည်းဖြစ်သည်။ ယခုအခါ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ဌာနပေါင်းစုံမှ ပညာရှင်များ ပါဝင်ရေးဆွဲခဲ့ကြပြီးဖြစ်သည်။ ဥပဒေရေးဆွဲသည့် ကာလတစ်လျှောက်လုံး၌ ပြည်တွင်း ပညာရှင်များသာမက ပြည်ပပညာရှင်များပါ ပါဝင်ကူညီခဲ့ကြောင်း သိရသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်သည့်အတွက် ဂုဏ်ယူရမည် ဖြစ်သည်။ ဤဥပဒေသည် ဒေသအတွင်း၌သာမက အပြည်ပြည်ဆိုင်ရာကပါ အပြုသဘောဖြင့် သုံးသပ်ထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပြီးဖြစ်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး နောက်ဆက်တွဲစာချုပ်တို့ကို အပြည့်အဝလိုက်နာကြောင်း ဤဥပဒေက သက်သေထူနေသည်။

ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူကုန်ကူးခြင်းကိုတိုက်ဖျက်သည့် ကုလသမဂ္ဂအစီအစဉ် **(UNIAP)** တို့ ပူးပေါင်းကျင်းပသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၂၈ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်-

"ဤဥပဒေမူကြမ်းရေးဆွဲရာတွင် မြန်မာ့သမိုင်းတွင် တစ်ကြိမ်တစ်ခါမျှ မကျင့်သုံးခဲ့သည့် လုပ်ထုံးလုပ်နည်းကို ကျင့်သုံးခဲ့တာဖြစ်ကြောင်း၊ လုပ်ရိုးလုပ်စဉ်မဟုတ်ဘဲ ဥပဒေမူကြမ်းကို ပြည်တွင်းပြည်ပ ပညာရှင်များပါ ဖိတ်ကြားပြီး ချပြခဲ့ပါကြောင်း၊ UNIAP ၏ ကူညီမှု၊ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် UNODC၊ ARCPPT က ပညာရှင်များတက်ရောက်ပြီး ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင် ဥပဒေမူကြမ်း လေ့လာသုံးသပ်ရေး အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပခဲ့ကြောင်း၊ ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် အပြန်အလှန်ဆွေးနွေးပြီး အကြံပြုချက်များ ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေသည် ပြည်တွင်းပြည်ပ ပညာရှင်များနှင့်ဆွေးနွေးပြီး နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ဥပဒေဖြစ်သည်"

ဟု ပြောကြားသွားသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေသည် နစ်နာသည့်လူကုန်ကူးခံရသူဘက်မှ မားမားမတ်မတ်ရပ်တည်ပေးထားသော လူ့အခွင့်အရေးကိုအခြေခံသည့် ဥပဒေဖြစ်သည်။ ထို့အပြင် အမျိုးသမီးနှင့် ကလေးသူငယ်များဘက်ကလည်း အထူးပြုရပ်တည်ပေးထားသည်။ လူကုန်ကူးခံရသူများကို အပြည့်အဝ အကာအကွယ်ပေးထားပြီး ဆေးကုသခြင်းနှင့်ဆေးစစ်ခြင်းကိုလည်း ကာယကံရှင်၏ဆန္ဒကို အလေးထား၍ ဝန်ဆောင်မှုပေးရန်၊ ယင်းတို့၏တစ်ဦးချင်း အခွင့်အရေးကို လေးစားရန် ပြဋ္ဌာန်းထားသည်။

ဤဥပဒေမှာ မရှိမဖြစ်လိုအပ်နေသည့် တရားရေးဆိုင်ရာယန္တရားကြီးတစ်ခုဖြစ်သည်။ ယခုအခါ ဤဥပဒေကို ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ရန်မှာ စိန်ခေါ်မှုတစ်ခုဖြစ်လာသည်။ ယင်းစိန်ခေါ်မှုကို ပြစ်မှုဆိုင်ရာ တရားစီရင်ရေးအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်စွာဖြေရှင်းနိုင်မည် ဖြစ်သည်။

ဥပဒေသစ် ဖြစ်သည့်အားလျော်စွာ တာဝန်ရှိပုဂ္ဂိုလ်များသည် ဥပဒေကို ဂဃနဏ နားလည်သဘောပေါက်ရန် လိုအပ်သည်။ ဥပဒေပြဋ္ဌာန်းချက်များကို ကောင်းစွာသဘောပေါက်ပြီး အကျွမ်းတဝင်ရှိရမည်ဖြစ်သည်။ လူလူချင်း ညှဉ်းပန်းနှိပ်စက်သည့် လူကုန်ကူးမှုပြဿနာကို တိတိပပတိုက်ဖျက်ရန်နှင့် လူကုန်ကူးခံရသူများကို ထိထိရောက်ရောက်အကာအကွယ်ပေးရန် ပြဋ္ဌာန်းလိုက်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကို တာဝန်ရှိသူအသီးသီးက ထိရောက်စွာ အကောင်အထည်ဖော်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပြဋ္ဌာန်းပြီး ဥပဒေစိုးမိုးသည့် အဝန်းအဝိုင်းကို ထူထောင်နိုင်ခဲ့ပြီဖြစ်သည့်အလျောက် လူကုန်ကူးမှုပြဿနာကို အောင်မြင်စွာတိုက်ဖျက်နိုင်ရေးအတွက် ဌာနပေါင်းစုံ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၅-၃-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **"အမှောင်ငါးစင်း အလင်းငါးချက်"**

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၁၅ ၄။ မေးမြန်းစူးစမ်း
- ၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **"ရောင်းရန်ရှိသည်"** (အပိုင်း-၂)
- ၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၃၅ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၅။ အမေးကမ္ဘာတွေးစရာ
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၂၀ ၈။ မိုးလေဝသသတင်း
- ၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၀။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း-၂၀)
- ၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၄။ ပဟေဠိနန်းတော်
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ ရုပ်မြင်သံကြားဇာတ်လမ်း **"သူရဲကောင်းများထွန်းကားသည်"** (အပိုင်း-၃) အကယ်ဒမီကျော်သူ၊ အကယ်ဒမီရန်အောင်၊ အကယ်ဒမီဒွေး၊ အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ နိုင်းနိုင်း၊ နေမျိုးအောင်၊ စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီမေသန်းနု၊ အကယ်ဒမီမေသဉ္ဇာဦး၊ အကယ်ဒမီပန်းဖြူ၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ လှမျိုးသဉ္ဇာနွယ်၊ ဒါရိုက်တာ-ပန်းချီစိုးမိုး၊
- ၁၇။ English Premier League ဘောလုံးပွဲ Tottenham Hotspur Vs Blackburn Rovers

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူ **ကျင့်သုံးလိုက်နာသွားမည်။**

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို **တည်ဆောက်မည်။**

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် **ဆောင်ရွက်မည်။**

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို **ကြိုးပမ်းဆောင်ရွက်မည်။**

ဧရာဝတီတိုင်း သတင်းအချက်အလက်နှင့် နည်းပညာပြပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် မတ် ၄

ပထမအကြိမ် ဧရာဝတီတိုင်း သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ (First ICT Exhibition Ayeyarwady)ကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် Management Scientific & Information Technology Group က စီစဉ်၍ ဖေဖော်ဝါရီ ၂၅ရက်နှင့် ၂၆ရက်တို့တွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ ကွန်ပျူတာသုံး ဆက်စပ်ပစ္စည်းများအပြင် ASUS ၏ နောက်ဆုံးပေါ်နည်းပညာသုံး စက်ပစ္စည်းများကိုလည်း ပြသခဲ့သည်။

ကြည့်ရှုအားပေး

ယင်းပြပွဲသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြပြီး **(အပေါ်ပုံ)** လိုအပ်သည်များကို မှာကြားသည်။

ပြခန်း၌ ASUS ကုမ္ပဏီမှ ထုတ်လုပ်သော Motherboard နှင့် Graphic Card များအပြင် Optical Drive နှင့် အခြားပစ္စည်းများကို ပြသရောင်းချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာတောင့်တင်းစေရေး၊ မိမိနိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားစေရေးစသည့် ရည်မှန်းချက်များဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို ဘက်စုံ ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ အနေဖြင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်မှသာ ဒေသတစ်ခုစီ၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးတို့လည်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသအတွင်း ဆက်သွယ်သည့်လမ်းများ ကောင်းမွန်ရန်လိုအပ်သကဲ့သို့ အခြားဒေသများနှင့် ဆက်သွယ်သော လမ်းများလည်း ကောင်းမွန်ရန် လိုအပ်ကြောင်းကို လမ်းညွှန်ခဲ့ကြောင်း။

စွမ်းပကားများ မှတ်တမ်းတင်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်စေ့ဆော်မှုများအပေါ် အခြေခံပြီး အဆင့်ဆင့်သော စီမံချက်များဖြင့် ဒေသဖွံ့ဖြိုးရေးကို ကြိုးပမ်းထမ်းဆောင်ရာတွင် မိဘပြည်သူများ၏ စီးပွားရေးဘဝ၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အခြေအနေများ တိုးတက်လာစေရန်အတွက် ဒေသအတွင်း လမ်းပန်းဆက်သွယ်မှု ကွန်ရက်များကိုပါ အလေးထား ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းကြိုးပမ်းမှုများကို အားဖြည့်သည့် အနေဖြင့် ယနေ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက ရန်ကုန်ဘူတာကြီးနှင့် ဒဂုံတက္ကသိုလ်ဘူတာအထိ ရထားလမ်း ဖောက်လုပ်ပြေးဆွဲတော့မည်ဖြစ်သည့်အတွက် ရထားလမ်းတစ်လျှောက် မြို့နယ်များမှ ဒဂုံတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများ၊ ဒေသခံ မိဘပြည်သူများ၏ သွားရေးလာမှု အဆင်ပြေစေရန်အတွက် ဆောင်ရွက်ချက်ကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဤရထားလမ်းပိုင်းအသစ်နှင့် ဒဂုံတက္ကသိုလ်ဘူတာသစ်တို့ကို ဖောက်လုပ်တည်ဆောက်ပေးကြသည့် မြန်မာ့မီးရထားဝန်ထမ်းများ၏ အားမာန်နှင့် ဆောင်ရွက်ချက် စွမ်းပကားများကိုလည်း မှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ရန်ကုန်ဘူတာကြီး ဒဂုံတက္ကသိုလ်ရထားလမ်းနှင့် ဒဂုံတက္ကသိုလ်ဘူတာသစ် ဖွင့်ပွဲအခမ်းအနားသည် ဒဂုံတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ သွားလာမှု အဆင်ပြေစေရေးအတွက် နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရထားလမ်းများတိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နေ့စဉ်ပြေးဆွဲပေးနိုင်မည်

ယနေ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရထားလမ်းအသစ်ကို ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ရန်ကုန်ဘူတာကြီးမှ ဒဂုံတက္ကသိုလ်အထိ နေ့စဉ်ရထားပြေးဆွဲပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ရန်ကုန်ဘူတာကြီးမှ စီးပွားရေးတက္ကသိုလ်သို့လည်း ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၁ရက်မှစ၍ ရထားပြေးဆွဲလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်သည့် ရန်ကုန်ဘူတာကြီးမှ ဒဂုံတက္ကသိုလ်ဘူတာအထိ ရထားလမ်းပိုင်းတွင် တစ်နေ့လျှင် တွဲဆိုင်းနှစ်ဆိုင်းဖြင့် ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည့်အတွက် ရန်ကုန်မြို့တော်အတွင်း မြို့ပတ်နှင့် ဆင်ခြေဖုံး လော်ကယ်ရထားများကို တွဲဆိုင်း ၁၇ဆိုင်းဖြင့် တစ်နေ့လျှင် ရထားခေါက်ရေ ၁၈၀ အထိတိုးတက် ပြေးဆွဲပေးနိုင်မည်ဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း။

တိုးချဲ့ဖောက်လုပ်

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ခုနှစ် မတိုင်မီက ရထားလမ်းအရှည်၁၉၇၆ ဒသမ၃၅မိုင်သာရှိခဲ့ရာက ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခဲ့ရာ ယနေ့ဖွင့်လှစ်မည့် တိုးကြောင်ကလေး-ဒဂုံတက္ကသိုလ် ရထားလမ်းပိုင်းအပါအဝင် ရထားလမ်းအရှည် ၁၀၉၈ ဒသမ၅၄ မိုင် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီး ယနေ့ ရထားလမ်း အရှည် စုစုပေါင်း ၃၀၇၄ ဒသမ၈၉ မိုင်ဖြင့် သယ်ပိုးပေးလျက်ရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍ ချောင်းဦး- ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပေါ်ရှိ ရေမျက်နီ-ကျောဥမင်ကိုဖြတ်ကျော်သည့်လမ်း ၂၆မိုင်ကိုလည်းကောင်း၊ အုတ်ဖိုစု-သန်လျင်ရထားလမ်းသစ် ၃ ဒသမ၃၃မိုင်ကိုလည်းကောင်း၊ ကြီးနီ-ချောက်ရထားလမ်းသစ် ၅မိုင်ကိုလည်းကောင်း၊ ပျဉ်းမနား-မြို့ဟောင်းဒွေးလမ်း(ကျည်တောင်ကန်-မြစ်ငယ်လမ်းပိုင်း) ၁၄၁ ဒသမ၈ မိုင်ကိုလည်းကောင်း ဆက်လက် ဖောက်လုပ်နေဆဲဖြစ်ကြောင်း၊ မြို့ပတ်လမ်းကိုလည်း ဒဂုံတက္ကသိုလ်မှတစ်ဆင့် ရွှေပေါက်ကံ၊ ရွှေနံ့သာ၊ နွယ်ခွေ၊ ထောက်ကြန့်၊ ဘန့်ဘွေးကုန်းမှတစ်ဆင့် မိုးကြိုးပစ်၊ လှော်ကားသို့ ဆက်လက်တိုးချဲ့ ဖောက်လုပ်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ဒဂုံတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံများ ကိုယ်စား ဒဂုံတက္ကသိုလ်မှ မြန်မာစာ မဟာဝိဇ္ဇာ ပထမနှစ် ကျောင်းသူမစောမြတ်စန္ဒီလွင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဒဂုံတက္ကသိုလ်ဘူတာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်-ဒဂုံတက္ကသိုလ် ရထားလမ်းပိုင်းနှင့် ဒဂုံတက္ကသိုလ်ဘူတာသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဧည့်သည်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဒဂုံတက္ကသိုလ်ဘူတာဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဒဂုံတက္ကသိုလ်ဘူတာဝန်းကျင်၌ ကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ကြက်ဆူပင်စုပေါင်းစိုက်ပျိုးနေမှုကိုကြည့်ရှုအားပေးကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒဂုံတက္ကသိုလ်ဘူတာမှ စတင်ထွက်ခွာသည့် ရထားပေါ်၌ လိုက်ပါစီးနင်းကြပြီး ကျောင်းသားကျောင်းသူများနှင့်ဒေသခံများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ရန်ကုန်ဘူတာကြီးမှ တိုးကြောင်ကလေးဘူတာအထိ ရထားလမ်းမှာ ရှိပြီးသားဖြစ်သည့်အတွက်တိုးကြောင်ကလေးဘူတာမှ ဒဂုံတက္ကသိုလ်ဘူတာအထိ ၄ဒသမ၉၆မိုင် အရှည်ရှိ ရထားလမ်းပိုင်းသစ်နှင့် ဒဂုံတက္ကသိုလ် ဘူတာသစ်ကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားမှ အင်ဂျင်နီယာများက ၂၀၀၄ ခုနှစ် မတ်၂၄ရက်က စတင်ဖောက်လုပ် ဆောက်လုပ်ခဲ့ပြီး ၂၀၀၆ခုနှစ် ယနေ့တွင်ပြီးစီး၍ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် တည်ဆောက်ချိန်ကာလ ၂၄လကြာမြင့်ခဲ့သည်။

ဒဂုံတက္ကသိုလ်ဘူတာသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်-ဒဂုံတက္ကသိုလ်-ရန်ကုန် (မြို့ပတ်)ရထားကို ကျောင်းသားကျောင်းသူများ၊ ခရီးသွားပြည်သူများ လွယ်လင့်တကူ စီးနင်းနိုင်ရန်အတွက် ရန်ကုန်ဘူတာကြီးမှ ဒဂုံတက္ကသိုလ်ဘူတာသို့ နံနက် ၅နာရီ ၂၅မိနစ်မှစတင်ကာ ညနေ ၄နာရီ ၁၅မိနစ်အထိ အသွား ၁၀ ခေါက်၊ ဒဂုံတက္ကသိုလ်ဘူတာမှ ရန်ကုန်ဘူတာကြီးအထိ နံနက် ၇နာရီမိနစ် ၅၀မှစတင်ကာ ညနေ ၅နာရီ ၃၅ မိနစ်အထိအပြန် ၁၀ခေါက်၊ အသွား/အပြန် စုစုပေါင်း အခေါက် ၂၀ကို ရထားတွဲဆိုင်းနှစ်ဆိုင်းဖြင့် နေ့စဉ် ပြေးဆွဲပေးသွားမည် ဖြစ်ပြီး ပုဇွန်တောင်၊ မလွှကုန်း၊ နှင်းဆီကုန်း၊ သဃ်န်းကျွန်း၊ ငမိုးရိပ်၊ တိုးကြောင်ကလေးဘူတာတို့တွင် ရပ်နားပေးမည်ဖြစ်သည်။

နှုန်းထား

ရထားခနှုန်းထားမှာ ရန်ကုန်ဘူတာကြီးမှ ဒဂုံတက္ကသိုလ်အထိ ငွေကျပ် ၁၀၊ ဒဂုံတက္ကသိုလ်မှ ရန်ကုန်ဘူတာကြီးအထိ ငွေကျပ် ၁၀ သတ်မှတ်ထားပြီး ခရီးစဉ်တစ်ခုလုံးအသွားအပြန် ကျောင်းသား လသုံးလက်မှတ်ခမှာ ငွေကျပ်၂၃၀သတ်မှတ်ထားသည်။

စီးနင်းခွင့်

ယနေ့ကျင်းပသည့် ရန်ကုန်-ဒဂုံတက္ကသိုလ်ရထားလမ်းပိုင်းနှင့် ဒဂုံတက္ကသိုလ်ဘူတာသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ယနေ့မှစတင်၍ မတ် ၈ရက်အထိ ရန်ကုန်ဘူတာကြီးမှ ဒဂုံတက္ကသိုလ်အထိ အသွား/အပြန် အခမဲ့ ရထားစီးနင်းခွင့်ပြုထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပန်းတောင်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၄

ပန်းတောင်းမြို့နယ် အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၁ရက်(စနေနေ့) နံနက်၈နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း(ဟုမ်းလမ်း)ရှိ အမ္ဗာရာမကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသက် ၇၅နှစ်နှင့်အထက် အသင်းဝင် အဘိုးအဘွားများကို ကန်တော့ပြီး အသင်းဝင်များ၏ သားသမီးများမှ ၂၀၀၄-၂၀၀၅ ခုနှစ် စာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသားကျောင်းသူများကို ပညာရည်ချွန်ဆုများ ချီးမြှင့်မည်ဖြစ်သည်။

ကန်တော့ခံပုဂ္ဂိုလ်များနှင့် ဂုဏ်ထူးရကျောင်းသားကျောင်းသူများသည် ဦးလွင်မြင့် ဖုန်း-၆၄၀၂၆၆၊ ဦးသောင်းဆွေ ဖုန်း-၅၅၆၄၆၁နှင့် ဦးခင်ဆွေ ဖုန်း-၇၀၇၅၈၉တို့သို့ ဆက်သွယ်ကြရန်နှင့် ရန်ကုန်ရောက် ပန်းတောင်းမြို့နယ်သူ မြို့နယ်သားများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

Osim အမှတ်တံဆိပ် U Zap အဆီချကိရိယာ ပစ္စည်းသစ်မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မတ် ၄

Nat Ray Co.,Ltd. မှ တင်သွင်းသည့် Osim အမှတ်တံဆိပ် U Zap အဆီချ ကိရိယာသစ် မိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၂၆ရက် (တနင်္ဂနွေနေ့) တွင် Sedona Hotel ၌ ကျင်းပရာ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စာနယ်ဇင်းမှ တာဝန်ရှိသူများ၊ အကယ်ဒမီ ရုပ်ရှင်သရုပ်ဆောင်များနှင့် Osim Member များ တက်ရောက်ကြပြီး ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

(ယာအောက်ပုံ)

U Zap အဆီချ ခါးပတ်သည် ခန္ဓာကိုယ်တွင် မလိုအပ်သည့် နေရာများမှ အဆီများကို ထိရောက်မြန်ဆန်စွာချပေးပြီး ခန္ဓာကိုယ်အချိုးအစား လှပအောင် ပြုလုပ်ပေးနိုင်စွမ်းရှိသဖြင့် အမျိုးသားများရော အမျိုးသမီးများပါ အသုံးပြုရန် သင့်တော်ကြောင်း၊ အလှအပတစ်ခုတည်းသာ မဟုတ်ဘဲ ဝမ်းချုပ်သည့် ရောဂါများကိုလည်း ကာကွယ်ပေးနိုင်ပြီး ခါးနာသူများအတွက်လည်း သင့်တော်သလို အသုံးပြုနိုင်သဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုကြောင်း သိရသည်။ U Zap အရောင်းပြခန်းများကို Traders Hotel နှင့် အမှတ် ၂၂/၉မိုင် ပြည်လမ်း ရန်ကုန်တို့တွင် ဖွင့်လှစ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲဆုရသူ အမည်စာရင်းထုတ်ပြန်

ရန်ကုန် မတ် ၄

၂၀၀၆ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန် ဦးစီးကျင်းပသော (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲမှ ဆောင်းပါးပြိုင်ပွဲ၌ ဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

"တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်" ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲတွင် မန္တလေးမှ မမြဝင်း (အောင်နန်း/ရှေ့)က ပထမ၊ မန္တလေးမှဆူးခါးဘုန်းမြင့်က ဒုတိယ၊ ရွှေတောင်မြို့မှ မသန်းအိ (ပုလဲဖြူ)က တတိယနှင့် ပဲခူးတိုင်း ကဝမြို့မှ နန္ဒခင်(သက္ကလမြေ)၊ မင်္ဂလာတောင်ညွန့်မှ ကိုရေချမ်း၊ တာမွေမှ စုခင်လေးဦး၊ မကွေးမြို့မှ ဖန်းခါးမောင်မောင် (စား/ထွေ)နှင့် ဘုန်းမောင်ဝင်း(ဖျာပုံ)တို့က အထူးဆုများရရှိကြသည်။

လူကိုယ်တိုင်သတင်းပို့

ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများသည် မတ်၂၇ရက် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများကို တက်ရောက်ယူရမည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ဦးကိုကိုထွေး အတွင်းရေးမှူး စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ မတ် ၂၃ရက်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ပေါင်း သန်း၁၀၀ခန့်က ငှက်မျိုးစိတ် ကျောက်ဖြစ်ရုပ်ကြွင်း တရုတ်နိုင်ငံမြောက်ပိုင်း၌ သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိ

ချန်ယန်း မတ် ၄

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်ရှိ ကျောက်ဖြစ် ရုပ်ကြွင်းများ ပေါများရာဒေသတွင် လွန်ခဲ့သော နှစ်ပေါင်း သန်း ၁၀၀ ခန့်က တည်ရှိခဲ့သော ငှက်မျိုးစိတ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ရှာဖွေ တွေ့ရှိခဲ့ကြကြောင်း တရုတ်ရှေးဟောင်းသုတေသနပညာရှင်များက မတ် ၁ရက်၌ ပြောကြားသည်။

ကျောက်ဖြစ်ရုပ်ကြွင်း

ထိုငှက်မျိုးစိတ်၏ ကျောက်ဖြစ်ရုပ်ကြွင်းသည် လွန်ခဲ့သော နှစ်ပေါင်း သန်း ၁၂၀ခန့်က အသက်ရှင်နေထိုင်ခဲ့သည့် မီဆိုနစ်အယ်ရာ ငှက်မျိုးမှ ကွဲပြားခြားနားစွာ ဖြစ်ပေါ်လာသည့် ငှက်မျိုးစိတ်ဖြစ်ပြီး နှုတ်သီးပေါ်တွင် ဆူးများ ပါရှိသည်ဟု သုတေသနပညာရှင် ဒေါက်တာ လီလီက ပြောကြားသည်။

ယခုကဲ့သို့ ငှက်မျိုးစိတ်သစ်တစ်ခုကို တွေ့ရှိခြင်းသည် သုတေသနပညာရှင် များအတွက် အစောဆုံးကာလ၌ ဖြစ်တည်နေထိုင်ခဲ့သော ငှက်မျိုးစိတ်များကို ပိုမိုနီးစပ်စွာ လေ့လာသုတေသနပြုနိုင်မည်ဖြစ်သည်ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ရှာဖွေတွေ့ရှိ

အဆိုပါငှက်မျိုးစိတ်ကို လျောင်နင်းပြည်နယ်အနောက်ပိုင်း ဒါပန်ဖန်မြို့တွင် မြေအောက်မှ ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။ ထိုအရပ်ဒေသမှာ ရှေးခေတ် ငှက်မျိုးစိတ်တို့၏ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ဒိုင်နိုဆောသတ္တဝါကြီးများ၏ ကျောက်ဖြစ်ရုပ်ကြွင်းအပိုင်းအစများနှင့် ရှေးခေတ်ငါးသတ္တဝါတို့၏ ကျောက်ဖြစ် ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့သည့် နေရာဖြစ်သည်။

အမည်ပေးထား

ယခုတွေ့ရှိရသည့် ငှက်မျိုးစိတ်၏ ကျောက်ဖြစ်ရုပ်ကြွင်းမှာ စုစုပေါင်း အရှည် ၂၁၆မီလီမီတာရှိပြီး ဦးခေါင်းမှာ ၂၈မီလီမီတာရှိကြောင်း ၎င်းငှက်မျိုး စိတ် ကျောက်ဖြစ်ရုပ်ကြွင်း၏ အမည်ကို ရှာဖွေတွေ့ရှိသည့် အရပ်ကို အစွဲပြုပြီး ဒါပန်ဖန်ဂေါနစ်ဟု အမည်ပေးထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်မှကျည်ဆန်ရထားတွဲများ တရုတ်ဝယ်ယူ

ပေကျင်း မတ် ၄

ဂျပန်နိုင်ငံအနောက်ပိုင်း ကိုဘေးမြို့ ဆိပ်ကမ်းတွင် တရုတ်နိုင်ငံသို့ တင်ပို့မည့် ကျည်ဆန်ရထားတွဲများကို သင်္ဘောတင်ပို့ရန်အတွက် စီစဉ်နေသည်ကို မတ် ၃ရက်က တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံအစိုးရသည် မီးရထားပို့ဆောင်ရေးလုပ်ငန်း အဆင့်မြှင့်တင်ရန်အတွက် ဂျပန်နိုင်ငံ ကာဝါဆာကီအကြီးစား စက်မှုလုပ်ငန်းမှ ကျည်ဆန်ရထားတွဲများဝယ်ယူရန်အတွက် ၂၀၀၄ခုနှစ်က အမှာစာများ ပေးပို့ခဲ့ကြောင်း ကျိုဒိုသတင်းဌာနက မတ် ၃ရက်တွင် ပြောကြားသည်။

ကာဝါဆာကီအကြီးစားစက်မှုလုပ်ငန်းသည် ပထမအသုတ်အဖြစ် ကျည်ဆန်ရထားတွဲ ၆၀ကို တရုတ်နိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်၌ ကုန်သွယ်ရေးအဆောက်အအုံ မီးလောင်

ပေကျင်း မတ် ၄

တရုတ်ပြည်အရှေ့ပိုင်း ကျီကျန်းပြည်နယ် နင်ဘိုမြို့တွင် မတ် ၁ရက်က ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ၌ မီးလောင်မှု ဖြစ်ပွားခဲ့သည်။ (အောက်ပုံ)

မီးလောင်မှုဖြစ်ပွားရခြင်းမှာ ယင်းအဆောက်အအုံရှိ ကော်ဖီဆိုင်တစ်ဆိုင်၏ မီးဖိုချောင်မှနေ၍ မီးလောင်မှုဖြစ်ပွားရခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းမီးလောင်မှုကြောင့် သေဆုံးရမှုနှင့် ဒဏ်ရာရရှိမှုများကို ယခုအချိန်အထိ အစီရင်ခံဖော်ပြထားခြင်း မရှိသေးပေ။ **(အင်တာနက်)**

တရုတ်နိုင်ငံရှန်ဟိုင်းမြို့ရှိ ကားပြိုင်ကွင်းတွင် ဟောလီးဝုဒ်မှ စတန့်အဖွဲ့ တစ်ဖွဲ့ လေ့ကျင့်နေသည်ကို မတ် ၂ရက်က တွေ့ရစဉ်။

(ယင်းအဖွဲ့သည် မတ်၁၂ရက်တွင် ရှန်ဟိုင်းမြို့၌ ကားနှင့် မော်တော်ဆိုင်ကယ် မောင်း၍ စတန့်အမျိုးပေါင်း ၄၀အထိ တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

ဖိလစ်ပိုင်၌ မြေငလျင်လှုပ်

မနီလာ မတ် ၄

ဖိလစ်ပိုင်နိုင်ငံတွင် မတ် ၁ရက်က ရစ်ချ်တာစကေး ၅ဒသမ ၀ ရှိ မြေငလျင်တစ်ခု လှုပ်သွားရာ မနီလာမြို့တော်လည်း ငလျင်ဒဏ်အနည်းငယ် ခံစားခဲ့ရကြောင်း၊ သို့သော် ပျက်စီးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ မရှိကြောင်း ဖိလစ်ပိုင် အရာရှိများက ပြောကြားသည်။

ငလျင်မှာ ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း လူဇုန်ကျွန်းမြောက်ဘက်တွင် မတ် ၁ရက် ည ၇နာရီခန့်က လှုပ်သွားခြင်း ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံသည် ပစိဖိတ်ဒေသတွင် ငလျင်ရပ်ဝန်းအတွင်း ကျရောက်သည့် နိုင်ငံဖြစ်သည်။ လူဇုန်ကျွန်းတွင် ၁၉၉၀ပြည့်နှစ်က ရစ်ချ်တာစကေး ၇ ဒသမ ၈ ရှိသော မြေငလျင် လှုပ်ခဲ့မှုကြောင့် လူပေါင်း ၁၆၀၀ ခန့် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် အင်ဒိုနီးရှားနိုင်ငံတွင် ပြောင်းလဲအသုံးပြုမည်

ဂျကာတာ မတ် ၄

အင်ဒိုနီးရှားနိုင်ငံတွင် စွမ်းအင်ချွေတာရေးအတွက် ပြည်သူ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် သဘာဝဓာတ်ငွေ့စွမ်းအင်သုံးစွဲရေးအတွက် ဘဏ္ဍာငွေကြေးဆိုင်ရာထောက်ပံ့ဖြည့်ဆည်းရန် အင်ဒိုနီးရှားအစိုးရကမတ်၂ရက်၌ တိုက်တွန်းလိုက်သည်။

ပြောင်းလဲရေး

အင်ဒိုနီးရှားနိုင်ငံအတွင်း မောင်းနှင်နေသော ယခင် ဒီဇယ်၊ ဓာတ်ဆီ စွမ်းအင်သုံး မော်တော်ယာဉ်များကို ဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲရေး အတွက် အကူအညီပေးရန် အမေရိကန်ဒေါ်လာ ၄ဒသမ ၃ဘီလီယံကို အင်ဒိုနီးရှားအစိုးရက ခွင့်ပြုပေးခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီး ဟက်တာ ရတ်ဂျာဆာက ပြောကြားသည်။

အသုံးပြုရန်

အဆိုပါ ငွေကြေးများသည် မော်တော်ယာဉ်များ ဓာတ်ငွေ့စွမ်းအင်သုံးအဖြစ် ပြောင်းလဲရာတွင် လိုအပ်သော အစိတ်အပိုင်းများ ပြုလုပ်ရာ၌ အသုံးပြုရန် ဖြစ်ကြောင်း ဟက်တာရတ်ဂျာဆာက ပြောကြားသည်ဟု အင်တာရာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖြည့်ဆည်းပေးမည်

အင်ဒိုနီးရှားအစိုးရက သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲရာတွင် အသုံးပြုရသည့် စွမ်းအင်ပြောင်းလဲရေး ကတ်ပြားများကို အရေအတွက် ၄၀၀၀အထိ အကြိုထောက်ပံ့ ဖြည့်ဆည်းပေးမည် ဖြစ်သည်။

အောင်မြင်စွာမောင်းနှင်နိုင်

ယခုကဲ့သို့ဆောင်ရွက်ခြင်းသည် လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့အကြား ဈေးနှုန်းသိသိသာသာ ကွာခြားမှုကြောင့်ဖြစ်ပြီး သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် အောင်မြင်စွာမောင်းနှင်နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာ သတင်းများ

ပေကျင်း၌ ယာဉ်ကြောပိတ်ဆို့မှု လျှော့ပါးရေး နည်းပညာသုံးကိရိယာများ တပ်ဆင်အသုံးပြုမည်

ပေကျင်း မတ် ၄

တရုတ်နိုင်ငံ ပေကျင်းမြို့တော်တွင် ယာဉ်ကြောပိတ်ဆို့မှု လျှော့ပါးသက်သာစေရေးအတွက် သယ်ယူပို့ဆောင်ရေး ဉာဏ်ရည်စနစ် (အိုင်တီအက်စ်)များကို အသုံးပြုရန် စီစဉ်လျက်ရှိကြောင်း ဆက်သွယ်ရေးဌာနက မတ် ၂ရက်က ပြောကြားသည်။

ဘတ်စ်ကားများ၊ အငှားကားများ၊ ပုဂ္ဂလိက ကားများ၏ ရပ်နားရာစခန်းများနှင့် ဘတ်စ်ကားမှတ်တိုင်များတွင် နည်းပညာသုံးကိရိယာများကို အသုံးပြုခြင်းသည် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အချိန်တိုတိုနှင့်တွင်ကျယ်စွာခရီးရောက်လိမ့်မည်ဖြစ်ကြောင်း ပေကျင်း မြူနီစီပယ် ဆက်သွယ်ရေး ကော်မတီမှ ဒုတိယညွှန်ကြားရေးမှူး လီယူဆီယာအိုမင်က ပြောကြားသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ လမ်းမကြီးတစ်ခုပေါ်တွင် မော်တော်ယာဉ်များ ပြည့်ကျပ်နေသည်ကို တွေ့ရစဉ်။

ကျင်းပမည်

(၁၄)ကြိမ်မြောက် ကမ္ဘာ့အိုင်တီအက်စ် ညီလာခံကို ၂၀၀၇ခုနှစ် အောက်တိုဘာလတွင် ပေကျင်းပြပွဲဗဟိုခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း မစ္စတာလီယူက ဖေဖော်ဝါရီ ၂၈ ရက်က တရားဝင်ကြေညာခဲ့ကြောင်း ချိုင်းနားဒေးလီး သတင်းစာက မတ် ၁ရက်၌ ဖော်ပြသည်။

အိုင်တီအက်စ်ကို ယာဉ်နှင့် ပတ်သက်သည့် နေရာများစွာတွင် အသုံးပြုမည် ဖြစ်သည်။

သိရှိနိုင်မည်ဖြစ်

ဘတ်စ်ကားဂိတ်များတွင် အီလက်ထရွန်နစ်ဘုတ်ပြားများကို တပ်ဆင်ပြီး ယင်းဘုတ်ပြားများက ဆန့်ကျင်ဘက်မှလာသော ဘတ်စ်ကားများ မည်သည့် အချိန်ရောက်ရှိမည်ကို ပြမည်ဖြစ်ကာ ခရီးသည်များအနေဖြင့် ၎င်းတို့စီးမည့် ဘတ်စ်ကားများကိုစောင့်ရန် အချိန်မည်မျှ လိုအပ်သည်ကို သိရှိနိုင်မည် ဖြစ်သည်။

သိရှိနိုင်

ကားအတွင်းရှိ အီလက်ထရွန်နစ် ရပ်နားရေး မြေပုံလမ်းညွှန်စနစ်သည်လည်း မောင်းရမည့် အကွာအဝေးကို အတိအကျ သိရှိနိုင်မည်ဖြစ်သည်။

အသုံးပြုနိုင်မည်

၎င်းပြင် အီလက်ထရွန်နစ် ဘတ်စ်ကား လက်မှတ်များကိုလည်း ဘတ်စ်ကား လုပ်ငန်းများ၌ မည်သည့် အချိန်နှင့် မည်သည့်နေရာများတွင် အများဆုံး လိုအပ်သည်ကို သိရှိရန် ဘတ်စ်ကား ကုမ္ပဏီများအတွက် အညွှန်းအချက်ပြ အမျိုးအစားတစ်ရပ် အဖြစ် အသုံးပြုနိုင်မည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ပင်လယ်ဖျံများ သတ်ဖြတ်ခြင်းကို ကန့်ကွက်

အဆိုတော် ပေါလ်မက်ကတ်နေးနှင့် ဇနီးဟိသာတို့ ဇနီးမောင်နှံ ပင်လယ်ပြင်တွင် မျောနေသော ရေခဲပြင်ကြီးပေါ်ရှိ ပင်လယ်ဖျံလေးကို ကြည့်ရှုလေ့လာနေကြစဉ်။ (အပေါ်ပုံ)

ကနေဒါနိုင်ငံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပင်လယ်ဖျံ အမဲလိုက်ခြင်းကို မတ်လကုန်ပိုင်းတွင် စတင်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုတော် ပေါလ်မက်ကတ်နေးနှင့် ၎င်း၏ဇနီး ဟိသာတို့ ဇနီးမောင်နှံနှစ်ဦးသည် ပင်လယ်ဖျံများအား သတ်ဖြတ်ခြင်းကို ဆန့်ကျင်ကန့်ကွက်ရန်အတွက် ကနေဒါနိုင်ငံ အရှေ့ဘက် ကမ်းရိုးတန်းဒေသသို့ နှစ်ရက်ကြာခရီးရောက်ရှိနေကြစဉ် ပင်လယ်ဖျံကလေးများကို အနီးကပ်ကြည့်ရှုလေ့လာခဲ့ကြသည်။ **(အင်တာနက်)**

ကမ္ဘာ့တစ်ဝန်း မိုဘိုင်းလ်ဖုန်း အသုံးများလာ ၂၀၀၅ ခုနှစ်က ၈၁၆သန်း ရောင်းချခဲ့ရ

ဟောင်ကောင် မတ် ၄

စီးပွားရေးတစ်ရှိန်ထိုး တိုးတက်မှု၏ တောင်းဆိုမှုများအရ ကမ္ဘာတစ်ဝန်း မိုဘိုင်းလ်ဖုန်းရောင်းချမှုတန်ဖိုးသည် ၂၀၀၅ခုနှစ်တွင် ၂၁ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၈၁၆သန်းအထိရှိခဲ့ကြောင်း မတ် ၁ရက်က ထုတ်ပြန်သည့် ဈေးကွက်ဆိုင်ရာ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြပါရှိသည်။

အများဆုံးရောင်းချ

လွန်ခဲ့သည့်နှစ်က မိုဘိုင်းလ်ဖုန်း အများဆုံးရောင်းချမှုတွင် အဓိကရောင်းချရသည့် ဖုန်းကုမ္ပဏီခြောက်ခုမှာ နိုကီယာ၊ မိုတိုရိုလာ၊ ဆမ်ဆောင်း၊ အယ်လ်ဂျီ၊ ဆွန်နီအီရစ်ဆွန်နှင့် ဆီမင်တို့ဖြစ်ကြပြီး ကမ္ဘာတစ်ဝန်း ဈေးကွက်ရောင်းချမှု၏ ၇၈ဒသမ ၄ရာခိုင်နှုန်းရှိကြောင်း သတင်းပြန်ကြားရေးနည်းပညာဌာန ကမ္ဘာလုံးဆိုင်ရာ သုတေသနနှင့် စိစစ်ရေးကုမ္ပဏီ၏ သတင်းများတွင် ဖော်ပြပါရှိသည်။

အဆိုပါ ကုမ္ပဏီခြောက်ခုသည် ၂၀၀၅ခုနှစ်တွင် တယ်လီဖုန်း ဈေးကွက်တွင် ၎င်းတို့၏ လက်ရှိထုတ်လုပ်မှုကို ပိုမိုတိုးချဲ့ခဲ့ကြောင်း အစီရင်ခံစာက ဖော်ပြသည်။ ဖင်လန်အခြေစိုက် နိုကီယာကုမ္ပဏီသည် ၂၀၀၅ခုနှစ်တွင် ဖုန်း ၂၆၆သန်း ရောင်းချရမှုနှင့်အတူ ဈေးကွက်တွင် ဦးဆောင်မှုအနေအထားတွင်ရှိပြီး ကမ္ဘာ့ဈေးကွက်၏ ၃၂ဒသမ ၅ရာခိုင်နှုန်းရှိခဲ့သည်။

အမေရိကန်အခြေစိုက် မိုတိုရိုလာကုမ္ပဏီသည် လွန်ခဲ့သည့်နှစ်က နိုကီယာပြီးလျှင် မိုဘိုင်းလ်ဖုန်းဈေးကွက်၌ ဒုတိယအများဆုံးဖြစ်ကာ ဖုန်း ၁၄၅သန်း ရောင်းချခဲ့ရသည်။ ဆမ်ဆောင်းက တတိယနေရာတွင်ရှိပြီး မိုဘိုင်းလ်ဖုန်း ၁၀၃သန်းအထိ ရောင်းချခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့ အရှည်ဆုံး သတို့သမီးဝတ်စုံ

ကမ္ဘာ့မှတ်တမ်းစာအုပ်ဂင်းနက်စ်မှတ်တမ်းတွင် စာရင်းဝင်ရန်အတွက် သတို့သမီးဝတ်စုံများ အရှည်ဆုံး ဝတ်ဆင်ခြင်းဖြင့် ကြိုးစားလာသည်ကို တွေ့ရစဉ်။ (အောက်ပုံ)

ပုံမှာ တရုတ်နိုင်ငံအရှေ့ပိုင်း ကျိကျန်းပြည်နယ်လျှောင်ကျင်းမြို့၌ သတို့သမီးတစ်ဦးက ကမ္ဘာ့အရှည်ဆုံး သတို့သမီးဝတ်စုံဝတ်ဆင် လျက် မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာခြင်း ဖြစ်သည်။ အဆိုပါသတို့သမီးဝတ်စုံမှာ အရှည်မီတာ ၄၀ ရှိပြီး ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်ဟု ဆိုသည်။

(အမ်အင်အေ၊ရိုက်တာ)

ခွေးနှင့်မျောက်တို့ အဆွေခင်ပွန်းဖွဲ့နေ

ခွေးနှင့် မျောက်တစ်ကောင်တို့ အဆွေခင်ပွန်း ဖွဲ့နေကြသည်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

အိန္ဒိယနိုင်ငံ ချင်းနိုင်းမြို့တွင် ရန်ဘက်ဖြစ်သော ခွေးတစ်ကောင်နှင့် မျောက်တစ်ကောင်တို့ ထူးထူးခြားခြား အဆွေခင်ပွန်း ဖွဲ့နေကြသည်ကို တွေ့ရသည်။ မျောက်ကလေး၏ အမည်မှာ ရာမူဖြစ်ပြီး ခွေးကလေးအမည်မှာ ဘာဘူဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဓာတုလက်နက်များ ထိန်းချုပ်ရေးအဖွဲ့ဝင်သစ် လိုင်ဘေးရီးယားနိုင်ငံဖြစ်လာ

ဘရပ်ဆဲစ် မတ် ၄

လိုင်ဘေးရီးယားနိုင်ငံသည် ဓာတုဗေဒဆိုင်ရာ လက်နက်များထိန်းချုပ်ရေးအဖွဲ့ (အိုပီစီဒဗလျူ)၏ အဖွဲ့ဝင်နိုင်ငံသစ်ဖြစ်လာကြောင်း ဓာတုဗေဒဆိုင်ရာလက်နက်များ ကွန်ဗင်းရှင်းက မတ် ၂ရက် ကြာသပတေးနေ့တွင် အတည်ပြုပေးလိုက်သည်ကို အိုပီစီဒဗလျူက မတ် ၁ရက်၌ သတင်းထုတ်ပြန်သည်။

လိုင်ဘေးရီးယားနိုင်ငံသည် ယခုအခါ အိုပီစီဒဗလျူ၏ ၁၇၈နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။ ယခုအခါ အာဖရိက ၅၃နိုင်ငံတွင် ၄၆နိုင်ငံမှာ အိုပီစီဒဗလျူအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး တစ်ကမ္ဘာလုံးလူဦးရေ၏ ၉၈ရာခိုင်နှုန်းခန့်မှာလည်း အိုပီစီဒဗလျူအဖွဲ့အစည်းအတွင်း ပါဝင်နေပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

✻ ကျော်ဖုံးမှ

ထို့ကြောင့် အသက်ငယ်ငယ် ရွယ်ရွယ်နှင့် ကွန်ပျူတာများပေါ်တွင် မြန်မာစာအသုံးပြု၍ရသော စနစ်ကို တီထွင်ပြုစုနိုင်ခဲ့သည့် မောင်ထူးမြင့်နောင်နှင့် မြန်မာ့အလင်း သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည်။

အထောက်အကူဖြစ်စေရန်

ကွန်ပျူတာများပေါ်တွင် မြန်မာစာ သုံး၍ရသောစနစ်နှင့် ပတ်သက်၍ မောင်ထူးမြင့်နောင်က ပြောကြားရာတွင် "ဒီစနစ်ကို 'မိုင်မြန်မာ မြန်မာစာစနစ်' (My Myanmar Unicode System) ဟု ခေါ်ပါကြောင်း၊ မိမိဒီစနစ်ကိုတီထွင်ပြုစုရခြင်းမှာ ကွန်ပျူတာတွင် မြန်မာစာကို အသုံးချနိုင်ရန်၊ မြန်မာတစ်မျိုးသားလုံး ကွန်ပျူတာကို အလွယ်တကူ အသုံးပြုနိုင်စေရေးအတွက် အထောက်အပံ့ဖြစ်စေရန်နှင့် e-government အပါအဝင် အနာဂတ်အိုင်စီတီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် အတွက်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတကာတွင် အိုင်စီတီနည်းပညာရပ်များအရှိန်အဟုန်ဖြင့်တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ထွက်လျက်ရှိရာ အနာဂတ်မြန်မာနိုင်ငံတော်၏ e-government လိုအပ်ချက်ကို ကောင်းမွန်အဆင်ပြေစေရန် ဖြည့်ဆည်းပေးလိုက်ခြင်းလည်း ဖြစ်သည်။

စတင်ကိုင်တွယ်

ဆက်လက်ပြီး ကွန်ပျူတာအသုံးပြုမှုနှင့် ယခုပြုစုပြီးစီးသည့် စနစ်အပေါ် ကြိုးစားအားထုတ်မှုနှင့် ပတ်သက်ပြီး မေးမြန်းရာတွင် မောင်ထူးမြင့်နောင်က **"မိမိသည် ခုနစ်နှစ်သားအရွယ်ကပင် ကွန်ပျူတာကို စတင်ကိုင်တွယ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် အင်တာနက် စတင်အသုံးပြုသည့်အချိန်မှ စတင်ကာ အင်တာနက်ကိုလည်း ကိုင်တွယ်အသုံးပြုခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် လိုအပ်လျက်ရှိသည့် မိုင်မြန်မာ မြန်မာစာစနစ်** (My Myanmar Unicode System) **ကို ၂၀၀၄ခုနှစ် စက်တင်ဘာ ၂၀ရက်က စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၅ခုနှစ် နိုဝင်ဘာ ၂၅ရက်တွင် ပြီးစီးခဲ့ပါကြောင်း၊ ယခုကဲ့သို့ အဆင့်ဆင့် ကြိုးစားဆောင်ရွက်ခဲ့ရာ၌ အခက်အခဲများကြုံတွေ့ခဲ့ရပါကြောင်း၊သို့သော်လည်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း"** ပြောကြားသွားသည်။

ပြီးစီးခဲ့

ယခု မောင်ထူးမြင့်နောင် တီထွင်ပြုစုထားသော My Myanmar Unicode System သည် Unicode Standard ကို အပြည့်အဝ လိုက်နာသော မြန်မာစာစနစ်ဖြစ်သည်။ ၂၀၀၄ခုနှစ် စက်တင်ဘာ ၂၀ရက်က စတင်ခဲ့ပြီး ၂၀၀၄ခုနှစ် ဒီဇင်ဘာလတွင် Unicode Standard ကို တစ်စိတ်တစ်ပိုင်း လိုက်နာသောစနစ် ပြီးစီးခဲ့သည်။ ထို့နောက် Unicode Standard ကို အပြည့်အဝ လိုက်နာသော My Myanmar V ကို စတင်ပြုစုခဲ့ရာမှ ၂၀၀၅ခုနှစ် ဩဂုတ်လ၌ ပြီးစီးခဲ့ခြင်း ဖြစ်ပေသည်။

ယခုအခါ My Myanmar ၏ စွမ်းဆောင်ရည်နှင့် လုပ်ဆောင်နိုင်မှုများကို WWW. My Myanmar. net အမည်ဖြင့် အင်တာနက်ပေါ်တွင် ၂၀၀၅ခုနှစ် ဩဂုတ်လကပင် တင်ထားနိုင်ခဲ့ပြီဖြစ်သည်။

ရှင်းလင်း

ကွန်ပျူတာများပေါ်တွင် မြန်မာစာ အသုံးပြုနိုင်အောင် တီထွင်နိုင်ခဲ့မှုနှင့် ပတ်သက်ပြီး မောင်ထူး မြင့်နောင်၏ ဖခင်ဖြစ်သူ ဦး မြင့် သူ က ထပ် ဆင့် ရှင်း လင်းပြောကြားစဉ်။

ဓာတ်ပုံ– သိန်းဝင်းလေး၊ (မြန်မာ့အလင်း)

ယခုတီထွင်လိုက်သည့် မိုင်မြန်မာ မြန်မာစာစနစ်သည် Unicode Standard Font ရသည်အထိ မြန်မာအက္ခရာစာလုံးများ၏ စည်းကမ်းသတ်မှတ်ချက်များ၊ နေရာအပြောင်းအရွှေ့များ၊ စာလုံးအတွဲများ၊ ပါဌ်ဆင့်များ၊ typhography အားလုံးကို မှန်ကန်စွာဆောင်ရွက် အသုံးပြုနိုင်မည်ဖြစ်သည်။

အလိုအလျောက်

မြန်မာစာလုံးများကို ရိုက်နှိပ်သွားရာတွင် စာကြောင်းပြည့်သည့်အခါ မဆံ့သော စာလုံးများ အလိုအလျောက် ဆင်းသွားမည်ဖြစ်သည်။ စကားလုံးအတွဲအစုအလိုက် ဆင်းမသွားဘဲ စာလုံးတစ်လုံးချင်းသာ အောက်သို့ ဆင်းသွားမည် ဖြစ်သည်။

(ဥပမာ။ ။ "ကောင်"စာလုံးအတိုင်း ဆင်းသွားပြီး သဝေထိုးနှင့် ကောင်စာလုံးများ တစ်ခုချင်းစီ ကွဲပြီး မဆင်းတော့ပေ။)

ထို့အတူ မြန်မာစာစာလုံးများကို ရိုက်နှိပ်ရာတွင်အစီအစဉ်တကျ စာရေးသားသည့်အတိုင်း ရိုက်နိုင်တော့မည်ဖြစ်သည်။ အစဉ်မကျ ကျော်လွှားပြီး ရေးသားထွက်ပေါ်မှုလည်း ယခုစနစ်သုံးစွဲပါက မဖြစ်ပေါ်နိုင်တော့ကြောင်းလည်း မောင်ထူးမြင့်နောင်က ရှင်းပြသည်။

"ဒီစနစ်က မြန်မာစာရေးထုံးကျမ်းကို အပြည့်အဝ လိုက်နာထားသဖြင့် သတ်ပုံသတ်ညွှန်း မှားယွင်းစွာ ရိုက်၍ မရအောင်လည်း တားဆီးပေးထားကြောင်း၊ မိုင်မြန်မာ မြန်မာစာစနစ်သည် မြန်မာစာကို အသုံးပြုသူများအတွက် မြန်မာစာကို တိုက်ရိုက်ထည့်သွင်း အသုံးပြုနိုင်ပြီး ကွန်ပျူတာစနစ်ကို အမျိုးမျိုးတွင် အသုံးပြုနိုင်ပါတယ်"ဟု ပြောကြားသည်။

ရှောင်ကြဉ်နိုင်

မြန်မာစာ Character set အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့ (အိုင်အက်စ်အို)ကလည်း အသိအမှတ်ပြုထားပြီဖြစ်ရာ ကွန်ပျူတာများပေါ်တွင် အင်္ဂလိပ်ဘာသာ စကား၏ လွှမ်းမိုးမှုကို ရှောင်ကြဉ်နိုင်ပြီး သက်ဆိုင်ရာ လူမျိုးတို့၏ အမျိုးဘာသာစကားကို ကွန်ပျူတာပေါ်တွင် အသုံးပြုနိုင်တော့မည်ဖြစ်သည်။

အသုံးပြုနိုင်အောင်

ယခုအခါ မောင်ထူးမြင့်နောင် အနေဖြင့် တိုင်းရင်းသား ဘာသာစကားများကို ကွန်ပျူတာပေါ်တွင် အသုံးပြုနိုင်အောင် ဆက်လက်ကြိုးစားလျက်ရှိပြီး မိုလ်ဘိုင်းတယ်လီဖုန်းများတွင် မြန်မာလို အသုံးပြုနိုင်အောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

မောင်ထူးမြင့်နောင်သည် အိုင်စီတီနည်းပညာနှင့် ပတ်သက်၍ ၂၀၀၃ ခုနှစ် အောက်တိုဘာလက National ICT Award (Tertiary Student Merit) ဆု၊ ၂၀၀၄ ခုနှစ် အောက်တိုဘာလက National ICT Award (Tertiary Student) ဆု၊ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလက Asia Pacific ICT Award (Hongkong) (Special Mention) ဆုနှင့် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလက Outstanding Student Award of Minister for Science and Technology ဆုများရရှိခဲ့သူ တစ်ဦးလည်းဖြစ်သည်။

သို့ဖြစ်ပေရာ မြန်မာကွန်ပျူတာ တက္ကသိုလ်ကျောင်းသားလူငယ်တစ်ဦး အနေဖြင့် နိုင်ငံအတွက် အရေးပါသည့် လုပ်ငန်းတွင် ပါဝင်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြင့် မြန်မာတစ်မျိုးသားလုံး ကွန်ပျူတာပေါ်၌ မြန်မာစာကို အသုံးချနိုင်အောင် ကြိုးစား စွမ်းဆောင်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း ဂုဏ်ယူ ဝမ်းမြောက်ဖွယ် သတင်းစကားကို မြန်မာ့အလင်း ပရိသတ်အတွက် တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရုပ်မြင်သံကြားကိုယ်ထည်များဖြင့် ပြုလုပ်သည့် ဧရာမမျှော်စင်ကြီး

၂၀၀၆ခုနှစ်၏ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပတော့မည်ဖြစ်သည်။ ဂျာမနီနိုင်ငံ ဘာလင်မြို့ အလက်ဇန္ဒားရင်ပြင်၌ ကမ္ဘာ့ဖလား အထိမ်းအမှတ်အဖြစ် ရုပ်မြင်သံကြားကိုယ်ထည်များဖြင့် ပြုလုပ်ထားသော ရုပ်မြင်သံကြားမျှော်စင်ကြီးကို ဧရာမ ဘောလုံးပုံစံ ပြုလုပ်ထားသည်။ **(ယာပုံ)** ယင်းရုပ်မြင်သံကြား မျှော်စင်ကို ဂျာမနီနိုင်ငံ၏ ဆက်သွယ်ရေးကုမ္ပဏီ ဒွိုက်ရှက်တယ်လီကွန်း ကုမ္ပဏီက ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုးကားချက်–ရိုက်တာ**



နှစ်ပေါင်း ၂၀ ကျော်ပျံသန်းခဲ့သည့်လေယာဉ် အက်လန်တာမြို့ပြတိုက်၌ ပြသထားမည်

"သည်စပရစ်အော့ဖ်ဒေတာ"အမည်ရှိ ဒေတာအဲယားလိုင်းမှ ဂျက်လေယာဉ်တစ်စင်းသည် နှစ်ပေါင်း၂၀ ကျော်ပျံသန်းပြေးဆွဲခဲ့ပြီးနောက် ယခုအခါ အက်လန်တာမြို့ရှိ လေကြောင်းပျံသန်းရေးဆိုင်ရာ လေယာဉ်များပြတိုက်၌ သိမ်းဆည်းပြသထားတော့မည်။

ပျံသန်းနိုင်ခဲ့

ဒေတာလေကြောင်းလိုင်း၏ လေယာဉ်ခရီးစဉ်များတွင် နှစ်ပေါင်း ၂၀ကျော်တိုင်အောင် တစ်စုံတစ်ရာ ဘေးအန္တရာယ်ဖြစ်စေမည့် ချို့ယွင်းမှုများမရှိဘဲ ပျံသန်းနိုင်ခဲ့သည့် ဂျက်လေယာဉ်ဖြစ်သည်။ **(အပေါ်ပုံ)**

ပြသထားမည်

နှစ်ကာလရှည်ကြာစွာ အသုံးပြုခဲ့သော ခရီးသည်တင် ဂျက်လေယာဉ်ကို အများပြည်သူတို့အတွက် အမှတ်တရ အနေဖြင့် အဆိုပါပြတိုက်၌ ပြသထားမည်ဖြစ်ကြောင်း ဒေတာလေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောဆိုသည်။

ကိုးကားချက်–အင်တာနက်

အာဖရိက အနောက်ပိုင်းမှ ရိုးရာအက

အာဖရိက အနောက်ပိုင်းရှိ ဂူနီယာသစ်တောင်၌ ဒေသခံပြည်သူများ ရိုးရာဝတ်စုံများ ဝတ်ဆင်လျက် ယင်းတို့၏ ရိုးရာပွဲတော်တစ်ရပ်တွင် လမ်းများတစ်လျှောက် တီး၊ မှုတ်၊ ကခုန် ပျော်မြူးနေကြသည်ကို ဤသို့တွေ့ရသည်။ **(အပေါ်ပုံ)** **(ကိုးကားချက်–အင်တာနက်)**

မူလကမ္ဘာ့ဖလား ကမ္ဘာလှည့်

ဖီဖာ၏ မူလကမ္ဘာ့ဖလား ဆုဖလား ကမ္ဘာတစ်ခွင်လှည့်လည်ရေး အစီအစဉ်အရ စင်ကာပူသို့ မတ် ၃ ရက်က ရောက်ရှိလာခဲ့သည်။ စင်ကာပူမှ ကမ္ဘာ့ဖလား ဘောလုံးချစ်သူများ လာရောက်ကြည့်ရှုကာ အမှတ်တရ ဓာတ်ပုံ အရိုက်ခံကြကြောင်း သိရသည်။ **(အောက်ပုံ)**

ယင်းကမ္ဘာ့ဖလား ဆုဖလားကို ရွှေအစစ်ဖြင့်ပြုလုပ်ထားပြီး အလေးချိန် ခြောက်ကီလိုဂရမ်ရှိကြောင်း သိရသည်။

ယင်းကမ္ဘာ့ဖလားကြီးသည် စင်ကာပူမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာသို့ လှည့်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ကိုးကားချက်–အေပီ

အင်တာနက် သတင်းနှင့် ဓာတ်ပုံ

ဆူးလေစေတီတော်မြတ်ကြီး ရွှေသက်န်းကပ်လှူရေး အနုပညာရှင်များပါဝင်ကုသိုလ်ယူ

ရန်ကုန် မတ် ၄

ရန်ကုန်မြို့ ဆူးလေစေတီတော်ကြီး ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေးစီမံကိန်း၏ ထီးတော်ကြီးနှင့် ကိုယ်လုံးတော်ကြီးတို့အား ရွှေစင်ရွှေပြား၊ မျက်ပါးရွှေသက်န်းတော်များ ကပ်လှူပူဇော်ရေးနှင့် အရံစေတီတော်များ ပြုပြင်မွမ်းမံရေး၊ မျက်ပါးရွှေသက်န်း ကပ်လှူရေးလုပ်ငန်းတို့အတွက် သဒ္ဓါကြည်လင် ပါရမီရှင်များ လှူဒါန်းနိုင်ရန် ဆူးလေစေတီတော် ဂေါပကအဖွဲ့၏စီစဉ်မှုဖြင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ဂီတပညာရှင်များ၊ ရုပ်ရှင်ပညာရှင်များ၊ မော်ဒယ်သရုပ်ဆောင်များပါဝင်သည့် အနုပညာရှင်ပေါင်း ၉၀ ကျော်တို့က ယနေ့မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဆူးလေစေတီတော်ရင်ပြင်နှင့် မုခ်လေးမုခ်တို့၌ အလှူခံနေရာများ ဖွင့်လှစ်ကာ အနုပညာရှင်များကိုယ်တိုင် အလှူငွေပြေစာဖြတ်ပိုင်းများတွင် လက်မှတ်ရေးထိုးပေးခြင်း၊ အနုပညာရှင်များနှင့် အလှူရှင်များ ပူးတွဲဓာတ်ပုံရိုက်ခြင်းတို့ဖြင့် ကုသိုလ်ယူ၊ အလှူပွဲကြီးကို ကျင်းပသည်။ ယနေ့ရရှိသော အလှူငွေစုစုပေါင်း ငွေကျပ် ၂၄၉၆၃၄၀ ဖြစ်ပြီး စေတီတော်ကြီးရွှေသက်န်းတော် ကပ်လှူရေးအတွက်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရုပ်ရှင်သရုပ်ဆောင် ဝိုင်းစုခိုင်သိန်း

ယခုလို အလှူငွေ ကောက်ခံပေးရတဲ့အတွက် အနုပညာရှင်တစ်ယောက်အနေနဲ့ အထူးပဲ ဝမ်းသာဂုဏ်ယူမိပါတယ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အကယ်ဒမီချိုပြုံး

ယခုလို ပရိသတ်နှင့်အတူ ကုသိုလ်ပွားကြရတဲ့အတွက် နောင်တမလွန်ဘဝမှာ ရေစက်ဆုံနိုင်မယ်ဆိုပြီး ဝမ်းသာပီတိ ဖြစ်မိပါတယ်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီခင်ယုမေ

ဆူးလေစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံဖို့ ယခုလို ကိုယ်တိုင်ကိုယ်ကျ အလှူခံပေးရတဲ့အတွက် ဝမ်းသာကြည်နူးမိပါတယ်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

အကယ်ဒမီမြတ်ကေသီအောင်

ယခုလို ဆူးလေစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေးအတွက် ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက် အထူးပဲဂုဏ်ယူဝမ်းသာပါတယ်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

အဆိုတော် ဇော်ဝင်းထွဋ်

မလှူဖူးသေးတဲ့အတွက် ပထမဦးဆုံး အကြိမ် ကိုယ်တိုင်အလှူခံပြီး အလှူခံဖြတ်ပိုင်းမှာ လက်မှတ်ရေးထိုးပေးရတဲ့အတွက် အတိုင်းမသိ ဂုဏ်ယူမိပါတယ်။

(အဆိုတော်ဇော်ဝင်းထွဋ်က လာရောက်လှူဒါန်းသွားသည့် အလှူရှင်များအတွက် ယခုကဲ့သို့ အလှူခံဖြတ်ပိုင်း ရေးပေးခဲ့သည်။)

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

အဆိုတော်အဲလက်စ်နှင့် ရုပ်ရှင်သရုပ်ဆောင်နေဆန်း

ပထမဦးဆုံးအကြိမ် ကိုယ်တိုင်ပါဝင်လှူဒါန်းပြီး ကိုယ်တိုင်အလှူငွေ ကောက်ခံပေးကြရတဲ့အတွက် အင်မတန် ဝမ်းသာကျေနပ်မိပါတယ်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဆုတောင်းပြည့်ကြေးတော်ကြီးဘုရား ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၄

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း အမှတ်(၃)ဝိုင်းတွင် ကိန်းဝပ်စံပယ်လျက်ရှိသော ဆုတောင်းပြည့် ကြေးတော်ကြီးဘုရား ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မတ် ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကန်တော့ပွဲနှင့် ပဋ္ဌာန်းအိုးတစ်စုံလျှင် ကျပ် ၃၆၀၀၊ ပဋ္ဌာန်းတောင်းတစ်တောင်းလျှင် ကျပ် ၅၄၀၀၊ အချိုပွဲ တစ်ရက်စာလျှင် ကျပ် ၉၀၀၀၊ အရဏ်ဆွမ်း တစ်ရက်စာလျှင် ကျပ် ၁၈၀၀၀၊ နေ့ဆွမ်းတစ်ရက်စာလျှင် ကျပ် ၃၆၀၀၀ နှုန်းဖြင့် လှူဒါန်းလိုကြသည့် အလှူရှင်များသည် ကြေးတော်ကြီးကျောင်းဆရာတော်ဘဒ္ဒန္တ ရာဇိန္ဒနှင့် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၅၇၁၅၈၁၊ ဦးကျော်ဆွေ(ဥက္ကဋ္ဌ)-ဒေါ်သန်းသန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တောင်ဥက္ကလာပမြို့ ဖုန်း-၅၆၀၅၇၄၊ ဦးငွေဝင်း(ဥက္ကဋ္ဌ)-ဒေါ်အေးသန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (၅)ရပ်ကွက် တောင်ဥက္ကလာ ဖုန်း-၅၇၁၈၇၂၊ ဦးဝင်းမြင့်(ဥက္ကဋ္ဌ) ဈေးသာယာရေးအဖွဲ့ မင်္ဂလာဈေး ဖုန်း-၂၉၂၅၃၆ နှင့် ဦးသက်-ဒေါ်မြင့်မြင့်(မိဘမေတ္တာ ရွှေဥသာ) အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ဗြဟ္မစိုရ်လမ်း (၆)ရပ်ကွက် တောင်ဥက္ကလာ ဖုန်း-၅၇၁၅၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒုတိယအကြိမ် ဩဝါဒခံယူပွဲကျင်းပမည်

ရန်ကုန် မတ် ၄

ကျေးဇူးတော်ရှင် ဟသ်ာတမြို့ မိုးကောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ အဝေးရောက် မိုးကောင်းနွယ်ဖွား တပည့်သံဃာတော်များ၏ ဒုတိယအကြိမ် ဩဝါဒခံယူပွဲကို ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၁၄ ရက် (မတ် ၁၂ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် အကျော်ကျော်း ပရိယတ္တိစာသင်တိုက် နဝဒေးလမ်း လှိုင်သာယာမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ ပင့်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တပည့်သံဃာတော်များအား ကြွရောက်ကြပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ **(က-ပ)**

အထက(၃)ပုသိမ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၄

ပုသိမ်မြို့ အထက(၃) (ယခင် ABM/BBM) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၁၂ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် အမှတ် ၂၀၂/၂၁၄(ပထမထပ်) အခန်း ၁၂/၁၃ ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၉၂၅၈၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

အီတလီနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်များရောက်ရှိ

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံရှိ Orchestra Travel Ltd.၊ အီတလီနိုင်ငံမှ Mosaico Tour Operator နှင့် Sbrojavacca Viaggi တို့ ပူးပေါင်းစီစဉ်မှုဖြင့် "TEGOLA CANA DESE" Company မှ အီတလီနိုင်ငံသား ကမ္ဘာလှည့် ခရီးသည် ၄၉ ဦးတို့သည် ယနေ့တွင် မြန်မာနိုင်ငံသို့ လည်ပတ်ရန် ရောက်ရှိလာကြသည်။ **(အောက်ပုံ)** အဆိုပါကမ္ဘာလှည့်ခရီးသွားခရီးသည်များသည် အင်းလေး၊ မန္တလေး၊ ပုဂံနှင့် ငပလီဒေသများသို့ သွားရောက်လည်ပတ်ကြမည်ဖြစ်ပြီး မတ် ၁၂ ရက်တွင် ပြန်လည်ထွက်ခွာသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာမကုဋရုံသီမြတ်မော်တင်စေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် မြတ်မော်တင် ဓာတ်ပေါင်းစုစေတီ ရွှေထီးတော်တင် မင်္ဂလာရေစက်သွန်းချအခမ်းအနားကျင်းပ

ဧရာဝတီတိုင်းအေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့က မြတ်မော်တင် ဓာတ်ပေါင်းစု စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်အား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၄

ဧရာဝတီတိုင်း ငပုတောမြို့နယ် သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရုံသီ မြတ်မော်တင်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် မြတ်မော်တင်ဓာတ်ပေါင်းစုစေတီတော် ရွှေထီးတော်တင်မင်္ဂလာရေစက်ချ အခမ်းအနားကို ဖေဖော်ဝါရီ၂၇ရက် နံနက်၇နာရီတွင် ဆံတော်ရှင်မြတ်မော်တင် စေတီတော် မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ပုသိမ်မြို့ ဥသျှစ်ကျောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစာရိန္ဒ၊ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ပုသိမ်မြို့ ညောင်ပင်သာပရိယတ္တိ စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတနှင့်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်များအမှူးပြုသော ပင့်သံဃာတော်၄၅ပါးတို့ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဘုရားဖူးပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး တိုင်းမှူးနှင့် ပရိသတ်တို့က တိုင်းသံဃနာယက အဖွဲ့ဥက္ကဋ္ဌ(သုခမ္မာ)ပုသိမ်မြို့ ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား ဥပသကာများက ပရိတ်ပန်း၊ ပရိတ်သဲ၊ ပရိတ်ချည်များကို ဆက်ကပ်ကြပြီး သံဃာတော်အရှင်မြတ်များက ပရိတ်တရားတော်များကိုရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးမြင့်သန်းနှင့်ဇနီး၊ တာဝန်ရှိသူများက မြတ်မော်တင်ဓာတ်ပေါင်းစု စေတီတော်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီး၊ အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး စေတီတော်ဘက်စုံအလှူငွေအဖြစ် ရန်ကုန်မြို့မှဒေါ်ခင်နွဲ့၊ သားဒေါက်တာတင်စိုးလင်း၊ သမီးဒေါ်ပွင့်မာခိုင်(ရွှေပုဇွန်မိသားစု)က မီးစက်အလှူတော်ငွေကျပ် သိန်း ၁၅၀၊ ပုသိမ်မြို့မှ သီရိသုခမ္မသိင်္ဂီ ဦးကျင်ဟန်၊ ဒေါ်ခင်မြင့်(ရွှေစိန်နီလာစတိုး)က ရင်ပြင်တော်ကျောက်ပြားခင်းရန် အလှူငွေကျပ် ၇၅သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဓာတ်ပုံများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးနှင့် ပရိသတ်တို့က ကုန်းသာကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာ တရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပက်ဖျန်းပူဇော်

ဆက်လက်၍ မြတ်မော်တင်ဓာတ်ပေါင်းစုစေတီတော်တွင် တင်လှူပူဇော်မည့်ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား တိုင်းမှူးနှင့်အလှူရှင်များက ရာဇာဝင်း ဒေဝါဝင်းခင်းကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးကြိမ်လှည့်လည် ပူဇော်ကြပြီး ရွှေထီးတော်အား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပူဇော်၍ မင်္ဂလာဘိသေကပညာရှင်ဦးထိန်လင်းက မင်္ဂလာဘိသေကသြဘာစာတမ်းကို ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မြတ်မော်တင်ဓာတ်ပေါင်းစုံ စေတီတော်အား မင်္ဂလာအချိန်တွင် ဌာပနာထည့်သွင်းခြင်း၊ အမွှေးနံ့သာရည်များပက်ဖျန်းခြင်း၊ ရွှေထီးတော်အား တင်လှူပူဇော်ခြင်း တို့ကို အဆင့်ဆင့် ဆောင်ရွက်၍ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား တင်လှူပူဇော်ကြပြီး ဆရာတော်ကြီးများက ဇယမင်္ဂလာဗောဓိယာမူလေ အစရှိသော ဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုချီးမြှင့်ကြကာ မင်္ဂလာဘိသေကပညာရှင်ဦးထိန်လင်းက အမျှဝေစာတမ်းကိုဖတ်ကြား၍ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် မြတ်မော်တင်စေတီတော်အား ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့က အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်(မြောက်ပိုင်း)မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ဗဟိုလေ့ကျင့်ရေး ကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်လျက် ရှိသည့် စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၂၆)မှ သင်တန်းသူ၃၀၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသူ ၂၀၊ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသူ ၂၁ဦး၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၄၀)မှ သင်တန်းသူ ၆၀၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၄၁)မှ သင်တန်းသူ ၂၄ ဦးနှင့် ဝန်ထမ်းများအပါအဝင် ပြည်နယ်၊ တိုင်း အသီးသီးတို့မှ တိုင်းရင်းသူအင်အားစုစုပေါင်း၁၉၅ဦးတို့ တက်ရောက်ကြသည်။

အသိပညာပေးဟောပြော

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ဒုတိယခေါင်းဆောင် ဥပဒေပါမောက္ခဒေါက်တာဒေါ်သန်းနွဲ့က မြန်မာအမျိုးသမီးများ၏ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အခွင့်အရေးများ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

မိတ်ဆက်အမှာစကားပြော

ဟောပြောပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က မိတ်ဆက်အမှာစကား ပြောကြားသည်။

အားပေး

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဧည့်သည်များသည် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနည်းပြ သင်တန်းသူများ၏ အဆင့်မြင့်၊ အခြေခံအိမ်တွင်းမှု သင်တန်းလေ့ကျင့်သင်ကြားမှုနှင့်အိမ်တွင်းမှု လက်ရာများကို ကြည့်ရှု အားပေးကြကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင် မိတ်ဆက် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဖေဖော်ဝါရီ ၁၅ ရက်က အမက (၁၄) ဗဟန်းတွင် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဝင်းယဉ်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၇ခုနှစ် တပေါင်းလဆန်း ၇ရက်
(အဖိတ်နေ့)
၅-၃-၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ အသွင်သဏ္ဌာန်ပေါက်သည့် သဇင်တန်ပေါက်တံတား
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say it in English
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၅ ၄။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"Doraemon"**
၁၂:၀၅ ၅။ မြန်မာဗီဒီယိုဇာတ်လမ်း **"နီးကြားခြင်းအိပ်မက်ဘုံ"** မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင်၊ စမိုင်းလ် (ဒါရိုက်တာ-မိုးအောင်)
၁၄:၀၀ ၆။ တေးဂီတအစီအစဉ်
၁၄:၁၀ ၇။ အကပြိုင်ပွဲ
၁၄:၁၅ ၈။ **"မျှော်သူမမောစေချင်"** စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၄:၂၅ ၉။ အတီးပြိုင်ပွဲ
၁၄:၃၅ ၁၀။ သံလွင်မြစ်နဒီ လက်ခုပ်သံဝေစီ
၁၄:၄၅ ၁၁။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ခုနှစ်)
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၁၀ ၆။ တေးဂီတအစီအစဉ်
၁၇:၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ အဆိုပြိုင်ပွဲ
၁၈:၄၅ ၁၁။ (၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
၁၈:၅၅ ၁၂။ အကပြိုင်ပွဲ
၁၉:၀၅ ၁၃။ ရုပ်မြင်ရသ တေးစုကဏ္ဍ
၁၉:၂၀ ၁၄။ အတီးပြိုင်ပွဲ
၁၉:၃၅ ၁၅။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၂၈)

ကြက်ဆူဆီထုတ်ယူနေမှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မွန်ပြည်နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်း အခမ်းအနားတွင် ဇီဝဒီဇယ်အသုံးပြု ကြိတ်စက်ဖြင့် ကြက်ဆူဆီ ထုတ်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

လုပ်ငန်းဆောင်ရွက်မှုနှင့်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ၊ ချဉ်းကပ်တံတားတိုင်အမှတ်YR(31)နှင့် (32) ဘိုးပိုင် တူးခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကားလမ်း တံတားပေါ်ဖြတ်ကျော်သည့် ရထားတံတားအတွက် တပ်ဆင်အသုံးပြုမည့် အရှည် ၉၇ ပေရှိကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မသွန်းလောင်းထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ သံလွင်တံတား (မော်လမြိုင်)မုတ္တမဘက်ကမ်းတည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးရန် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီရန် မှာကြားသည်။

ချဉ်းကပ်တံတား (မီးရထားလမ်း) လုပ်ငန်းတွင် ယခုအထိ မော်လမြိုင်ဘက်ကမ်းမှ တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းတစ်ခုလုံးအပေါ် ၉၄ ဒသမ၅၀ ရာခိုင်နှုန်းနှင့် တံတားကြီးတစ်စင်းလုံးအပေါ် ၉၃ ရာခိုင်နှုန်း ပြီးစီးလျက်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် သံလွင်တံတား(မော်လမြိုင်)ပေါ်မှ နေ၍ မော်လမြိုင်ဘက်ကမ်းရှိ ချဉ်းကပ်တံတားပေါ် မီးရထားလမ်းတည်ဆောက်မှုနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ MRGC သံလမ်းပြေးယာဉ်ဖြင့် သံကူကွန်ကရစ် ဇလီဖားတုံး တပ်ဆင်မှုနှင့် ရထားသံလမ်းခင်းကျင်းနေမှု လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ပျိုးထောင်စိုက်ပျိုး

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ၂၈ရက် နံနက် ၈နာရီ မိနစ်၄၀ တွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ် ပျိုးပင်ပေါင်း ၂၄၀၀၀၀ သို့ ရောက်ရှိပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့များနှင့်ပျိုးကိုင်းများကို ပျိုးအိတ်များအတွင်းထည့်သွင်း ပျိုးထောင်စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တပ်မတော်အရာရှိကြီးများက ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့များနှင့် ပျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင် စိုက်ပျိုးပေးကြသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းစစ်ဌာနချုပ်မိသားစုများ၏ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့တစ်သောင်းအား တပျော်တပါး စုပေါင်းပျိုးထောင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ပျိုးထောင်စိုက်ပျိုးရန် စုဆောင်းထားရှိသည့် ခြံစည်းရိုးကြက်ဆူစေ့များကိုလည်းကောင်း၊ ပျိုးအိတ်များအတွင်း မြေသြဇာများထည့်သွင်းနေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်တို့သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များတွင် ပျိုးထောင်စိုက်ပျိုးရန်ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့များကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်ကြသည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်တွင် ပျိုးကိုင်းပင်၃၀၀၀၀၊ အစို့ဖောက်ပျိုးပင် ၁၀၀၀၀၀ နှင့် မျိုးစေ့ပျိုးပင် ၁၁၀၀၀၀အပါအဝင် စုစုပေါင်းခြံစည်းရိုးကြက်ဆူပင် ပျိုးပင်၂၄၀၀၀၀ကို ပျိုးထောင်စိုက်ပျိုးပြီးဖြစ်သည်။

အားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်(ဒုတိယအကြိမ်)ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ခြံစည်းရိုးကြက်ဆူပင် ပျိုးကိုင်းပင်ကို စိုက်ပျိုး၍ ရေသွန်းလောင်းကာ တပ်မတော်သားမိသားစုများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မိသားစုဝင်များ၏ ခြံစည်းရိုး ကြက်ဆူပင်ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ခြံစည်းရိုးကြက်ဆူပင်၏ အသုံးဝင်ပုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ် လေယာဉ်ကွင်းတစ်ဝိုက်၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း ဧက၃၀၀သို့ရောက်ရှိပြီးမွန်ပြည်နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်း အခမ်းအနားသို့တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကမ္ဘာတစ်ဝန်းလုံးတွင် လောင်စာဆီအခက်အခဲဖြင့် ကြုံတွေ့နေရသဖြင့် ဇီဝလောင်စာဆီကို အစားထိုးအသုံးပြုနိုင်ရန် သုတေသနပြုလုပ်ပြီးစမ်းသပ်ထုတ်လုပ်နေကြကြောင်း၊ မိမိတို့နိုင်ငံတွင်ခြံစည်းရိုးကြက်ဆူပင်မှဇီဝလောင်စာဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီးလယ်ယာသုံးစက်ကိရိယာပစ္စည်းများအပါအဝင် စက်ကိရိယာအမျိုးမျိုးနှင့်အိမ်သုံးပစ္စည်းများတွင် အသုံးပြုနိုင်ပြီဖြစ်ကြောင်း၊ အထူးသဖြင့် ခြံစည်းရိုးကြက်ဆူပင်ကိုအင်တိုက်အားတိုက်စိုက်ပျိုးကြစေလိုကြောင်းဖြင့်တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အခမ်းအနားတွင် ခင်းကျင်းပြသထားသော ခြံစည်းရိုးကြက်ဆူဆီကို အသုံးပြုသည့် ကြက်ဆူဆီမီးခွက်၊ ကြက်ဆူမီးဖိုနှင့်ကြက်ဆူမှန်အိမ်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဇီဝဒီဇယ်ဆီအသုံးပြုကြက်ဆူကြိတ်စက်ဖြင့် ကြက်ဆူဆီ ထုတ်ယူနေမှုကိုကြည့်ရှုစစ်ဆေးသည်။

ပါဝင်စိုက်ပျိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် စိုက်ပျိုးမြေအတွင်းခြံစည်းရိုးကြက်ဆူပင် မျိုးကိုင်းပင်ကို စိုက်ပျိုး၍ ရေသွန်းလောင်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်တပ်မတော်အရာရှိကြီးက ခြံစည်းရိုးကြက်ဆူမျိုးကိုင်းပင်များကို ပါဝင်စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများ၏ တပျော်တပါး စုပေါင်း၍ ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဇီဝဒီဇယ် အသုံးပြုကြိတ်စက်ဖြင့် ကြက်ဆူဆီ ထုတ်ယူနေမှုကို ထပ်မံကြည့်ရှုစစ်ဆေးသည်။

ပြကွက်များကြည့်ရှု

ဆက်လက်၍ ခင်းကျင်းပြသထားသည့် ဇီဝဒီဇယ် အသုံးပြုလယ်ထွန်စက်၊မီးစက်၊ စပါးရိတ်စက်၊ လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ စပါးခြွေလှေ့စက်နှင့်ထွန်စက်ကြီးပြကွက်တို့ကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ကြက်ဆူဆီဖြင့် အသုံးပြုမောင်းနှင်သည့် မော်တော်ယာဉ်၊ ထော်လာဂျီ၊ အမှိုက်သိမ်းယာဉ်၊ လမ်းကြိတ်စက်နှင့် မြေတူးစက်တို့ကိုကြည့်ရှုစစ်ဆေးသည်။

မွန်ပြည်နယ်တွင် သုံးနှစ်အတွင်း ခြံစည်းရိုး ကြက်ဆူပင် ဧက ငါးသိန်း ရည်မှန်းချက် ပြည့်မီရေးအတွက် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧကတစ်သိန်း၊ ၂၀၀၇-၂၀၀၈ နှင့် ၂၀၀၈-၂၀၀၉ စိုက်ပျိုးရာသီတို့တွင် ဧကနှစ်သိန်းစီ စိုက်ပျိုးခြင်းဖြင့် သုံးနှစ်အတွင်း အပြီးစိုက်ပျိုးမည်ဖြစ်သည်။

ပျိုးထောင်စိုက်ပျိုး

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုသည် မော်လမြိုင်မြို့နယ် ခြံစည်းရိုး ကြက်ဆူပင် ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ပျိုးကိုင်းပင်နှင့် အစို့ဖောက် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်း ပျိုးထောင်စိုက်ပျိုးပေးသည်။

ထို့အတူ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တပ်မတော်အရာရှိကြီးများကလည်း ပျိုးကိုင်းပင်နှင့်အစို့ဖောက်မျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်း ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ပျိုးဥယျာဉ်တွင် မျိုးစေ့ပင် ခုနစ်သောင်းနှင့် ပျိုးကိုင်းပင် သုံးသောင်း အပါအဝင် စုစုပေါင်း ခြံစည်းရိုး ကြက်ဆူပင် ပျိုးပင်ပေါင်း တစ်သိန်း ပျိုးထောင်ထားရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မွန်ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး တန်ဖိုးငွေကျပ်သိန်း၃၀၀ကျော်တန်ဖိုးရှိသည့် အသံလွှန်လှိုင်းဖြင့်မျက်စိအတွင်းတိမ်ကုသသော မျက်စိခွဲစက်လှူဒါန်းသည့်အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ အသံလွှန်လှိုင်းဖြင့် မျက်စိ အတွင်းတိမ်ကုသသော စက်အလှူရှင်ဖြစ်သူ ခေမာရာမသီလရှင်စာသင်တိုက်မှ ကွယ်လွန်သူသီလရှင် ဆရာကြီး ဒေါ်ဘိရဏီ ကိုယ်စား ဒေါက်တာ ထိန်ဝင်းက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ထို့နောက် အလှူရှင်ဖြစ်သူ ကွယ်လွန်သူ သီလရှင်ဆရာကြီး ဒေါ်ဘိရဏီ ကိုယ်စား ဒေါက်တာထိန်ဝင်းနှင့်ဇနီး ဒေါ်ချိုချိုဝင်းတို့က အသံလွှန်လှိုင်းဖြင့် မျက်စိအတွင်းတိမ် ကုသသောစက်ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်သူက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ဆက်လက်၍ ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မျက်စိအထူးကုဆရာဝန်ကြီးဒေါက်တာဒေါ်မြင့်မြင့်ဦးက အတွင်းတိမ်ကုသစက်အသုံးပြု၍ လက်တွေ့အတွင်းတိမ်ကုသမှုကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက မွန်ပြည်နယ် အပါအဝင် ပြည်နယ်နှင့်တိုင်းများသာမက နယ်စပ်ဒေသပါမကျန် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေခံကောင်းများပေါ်ထွန်းလာစေရန် အထူးအစီအမံများချမှတ်ပြီး အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မွန်ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးသည် ဆရာဝန်၊ဝန်ထမ်းနှင့် ခွဲစိတ်ကုသမှုကိရိယာများဖြင့် ပြည့်စုံသောဆေးရုံတစ်ရုံဖြစ်ကြောင်း၊ အလှူရှင်၏မွန်မြတ်သော ဒါနကြောင့် မွန်ပြည်နယ် လူထုအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းစေကြောင်း၊ ထို့ကြောင့်နိုင်ငံတော်အစိုးရကိုယ်စားဝမ်းမြောက်ဝမ်းသာစွာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်းဖြင့် ပြောကြားပြီး အလှူရှင်မိသားစုနှင့် တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက်လှူဒါန်းသည့်အသံလွှန်လှိုင်းဖြင့်မျက်စိအတွင်းတိမ်ကုသသော စက်ကိုကြည့်ရှုစစ်ဆေးသည်။

လှူဒါန်း

အလှူရှင်ဖြစ်သူခေမာရာမသီလရှင်စာသင်တိုက်မှကွယ်လွန်သူသီလရှင်ဆရာကြီး ဒေါ်ဘိရဏီက ငွေကျပ် ၃၀၇၀၀၀၀၀တန်ဖိုးရှိ မျက်စိအတွင်းတိမ်ကုသစက် အပါအဝင်အောက်ဆီဂျင်ဘူးပြုပြင် ရန်အတွက်ငွေကျပ် ၁၁၃၆၀၀၀၊ငွေကျပ် ၂၈၅၀၀၀တန်ဖိုးရှိခုံတစ်စုံ၊ ငွေကျပ် ၁၇၁၇၀၀၀တန်ဖိုးရှိ အောက်ဆီဂျင်စက် Japan တစ်လုံး၊ ငွေကျပ် ၅၄၀၀၀၀တန်ဖိုးရှိ အောက်ဆီဂျင်စက် China တစ်လုံး၊ ငွေကျပ် ၁၄၅၀၀၀တန်ဖိုးရှိလူကြီးချွဲစုပ်စက်တစ်လုံး၊ ငွေကျပ် ၁၀၀၀၀၀ တန်ဖိုးရှိကလေးချွဲစုပ်စက်တစ်လုံး၊ အောက်ဆီဂျင်စက်ပြုပြင်ရန် ငွေကျပ် ၁၄၀၀၀၀ နှင့်ငွေကျပ် ၁၇၀၀၀၀တန်ဖိုးရှိ သွေးတိုင်းစက် ၁၀လုံးအပါအဝင်စုစုပေါင်းငွေကျပ် ၃၄၉၃၃၀၀၀ တန်ဖိုးရှိဆေးရုံသုံးပစ္စည်းများကို မွန်ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးသို့ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ဖေဖော်ဝါရီ ၂၆ရက်က ရွှေတိဂုံရေကြည်တော်ဝတ်အသင်း မသိုးသက်န်းရက်ကန်းအောင်ပွဲအတွက် ဓနုဖြူ-ကျိုက်ကလွန်ဗွန်းစေတီသို့ အလှူငွေကျပ်တစ်သိန်း၊ ဇလွန်ပြည်တော်ပြန်ဘုရားသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်ညွန့်နှင့်အဖွဲ့က ပြည်တော်ပြန်ဘုရားဂေါပကအဖွဲ့သို့ အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မော်လမြိုင်မြို့၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မုဒုံမြို့ရှိ မြန်မာ့နစ်ရည်ပင်လုပ်ငန်း အရည်အသွေးမြင့် ရော်ဘာထုတ်လုပ်ရေးဌာနသို့ ရောက်ရှိကြသည်။

ထို့နောက် စက်ရုံခန်းမ၌ ဌာနမှူး ဦးခင်မောင်ဝင်းက စက်ရုံ၏တည်နေရာ၊ရည်ရွယ်ချက်၊ ထုတ်လုပ်မှုအခြေအနေ၊ ဝန်ထမ်းအင်အားအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုကလိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အခြေခံရော်ဘာ ကုန်ကြမ်းများနှင့် ကုန်ချောများဖြစ်သည့် အရည်အသွေးမြင့် Brown Crumb နှင့် Yellow Crumbတို့ကိုလည်းကောင်း၊ ရော်ဘာကုန်ကြမ်းမှ အရည်အသွေးမြင့် ရော်ဘာကုန်ချောထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အစဉ်တိုးတက်စေရန် ဝန်ထမ်းတိုင်းက တာဝန်သိသိ စေတနာရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်ရန်၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် စက်များ၏ကြံ့ခိုင်ရေးကို အစဉ်မပြတ်ကြည့်ရှုစစ်ဆေးရန် တာဝန်ရှိသူများအားမှာကြားသည်။

ရည်ရွယ်တည်ဆောက်

မုဒုံရာဗ်စက်ရုံသို့ သုတေသနနှင့် မျိုးပွားခြံမှ ထွက်ရှိသော နိုင်ငံပိုင် ရော်ဘာများကို အရည်အသွေးမြင့် ရော်ဘာများအဖြစ် ထုတ်လုပ်နိုင်ရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား အဆင့်မြင့် ရော်ဘာထုတ်လုပ်မှုနည်းပညာများပံ့ပိုးပေးနိုင်ရန် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မုဒုံမြို့နယ် နွေစပါးအထူးဇုန်ဧက၁၀၀၀ သို့ ရောက်ရှိကြပြီး မုဒုံမြို့နယ်ဘဲရမ်းကျေးရွာ ဆင်းသွယ်လတ်မျိုးစပါး စိုက်ခင်းဧက၁၀၀၀၌ စိုက်ပျိုးထားသည့် မနောသုခ၊ သီးထပ်ရင်နှင့် ဆင်းသွယ်လတ် နွေစပါးစိုက်ခင်းများနှင့် ကြက်ဆူကြိတ်ဖတ်အသုံးပြု(တစ်ဧကပိဿာ ၇၀၀)စမ်းသပ်ကွက်အတွင်း အောင်မြင်ဖြစ်ထွန်းနေသည့် နွေစပါးများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးစိန်ဝင်းက မွန်ပြည်နယ် အတွင်း နွေစပါး၁၃၂၉၁၃ဧက စိုက်ပျိုးရန် လျာထားချက်နှင့်အညီ ယခုအထိ နွေစပါး၁၀၁၄၉၉ဧက စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ်၊ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ဆင်းသွယ်လတ်မျိုးစပါး စိုက်ပျိုးမှု၌ နွေစပါးနှင့် မိုးစပါးကို ဧကနှစ်သောင်း စိုက်ပျိုးရန် ရည်မှန်းချက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ပြည်နယ်တစ်ခုလုံး နွေစပါး ဧက တစ်သိန်းခွဲနှင့် မိုးစပါး ဧက ၁၀ သိန်း အပြည့်အဝ စိုက်ပျိုးနိုင်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒေသခံတောင်သူများအား တွေ့ဆုံ၍ ပြည်ပဈေးကွက်ဝင် ရောင်းပန်းလှသည့် ဆင်းသွယ်လတ် စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးပြီး စိုက်ပျိုးရေးလုပ်ငန်းကို ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ကြက်ဆူကြိတ်ဖတ် သဘာဝမြေသြဇာ သည် ဓာတ်မြေသြဇာ အသုံးပြုခြင်း ထက် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်း မြင့်မားစေသောကြောင့် ခြံစည်းရိုးကြက်ဆူပင်များကို ကြိုးပမ်းစိုက်ပျိုးကြရန် မှာကြားသည်။

စိုက်ခင်းများကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဧက ၁၂၀၀ ကျော် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သံပေါင်တပ်ဆင်မှုကြည့်ရှု

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ်၁ရက်နံနက် ၁၁နာရီတွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ စစ်တောင်းတံတား (မုပ္ပလင်)တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြ၍ ရှင်းလင်းဆောင်အနီးမှနေ၍ စစ်တောင်း(မုပ္ပလင်)တံတား စီမံကိန်း၏ Counter Span သံပေါင်တပ်ဆင်နေမှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

စံချိန်စံညွှန်းပြည့်စုံ

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးဦးကျော်လင်းက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လုပ်ငန်းများကို သတ်မှတ်ချိန်အတွင်းပြီးစီးရန်နှင့် သတ်မှတ် စံချိန်စံညွှန်းများနှင့်ပြည့်စုံရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ပြန်လည် ရောက်ရှိကြသည်။

(သတင်းစဉ်)

မြတ်မာဆရာတော်တရားပွဲ

ရန်ကုန် မတ် ၄

သာကေတမြို့ ဧရာဝဏ်လမ်း မြတ်မာဆရာတော်သည် မတ် ၉ရက်၊ ၁၀ရက်ညများတွင် ကျုံပျော်မြို့နယ် မိုးကြိုးပစ်ရွာ ဗုဒ္ဓပူဇနိယ ဓမ္မသဘင်၊ မတ် ၁၅ရက်နှင့် ၁၆ရက် ညများတွင် အရာတော်မြို့နယ် တောင်မွှာရွာ(ခ) အောင်မြို့သာရွာ ဦးဆန်းမြင့်-ဒေါ်မြင့်ခင်တို့၏ ရှင်ပြုအလှူတော် မင်္ဂလာဓမ္မသဘင်၊ မတ် ၃၀ရက် ဇမ္ဗူသီရိအရှေ့ ၃လမ်း (၆)ရပ်ကွက် သာကေတ၊ ၃၁ရက်တွင် ရွှေပြည်သာလမ်း (၆)ရပ်ကွက် သာကေတ၊ ဧပြီ ၆ရက် ထူပါရုံအရှေ့ ၃လမ်း၊ ၇ရက် မြင်တော်သာလမ်းမ သာကေတ၊ ၈ရက် ထူပါရုံအရှေ့ ၁၁ လမ်း နှစ်ကျိပ်ရှစ်ဆူ ဓမ္မသဘင်များတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

တပေါင်းသာခေါင် လများနောင်တွင်

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

"ခက်ချင်းညွှာဆိုင်နှင့်
ဂေါ်ငုံခိုင်ထုံလှိုင်ပျံ့ပါဘိ
ညှင်းညှင့်လေပြည်။
ရွက်အုပ်ကယ်ဝေ၊ မိန်ရွှေလရက်ပိုင်း
သုံးဘောင့်ထွတ်စွန်၊ မြတ်ဖျားသယံမွန်မှ၊
သာအလွန်စာညွှန်ဟောခဲ့တယ်၊
တောနဲ့တောင်တိုင်း။"

(ဦးကြင်ဥ)

တပေါင်းလတွင် သစ်ပင်ပန်းမန်တို့သည် ရွက်ဟောင်းများကြွေ၍ ရွက်သစ်တို့ ဝေဝေဆာဆာ ထွက်လာကြသောအချိန် ဖြစ်ပါသည်။

တပေါင်းလ၏ ရာသီပွဲတော်သည် သဲပုံစေတီပွဲတော်ဖြစ်သည်။ သဲများကိုစုပုံ၍ စေတီအသွင်တည်ကာ သဗ္ဗညုတ မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တပေါင်းလသို့ ရောက်သည့်အခါ မြစ်များ၊ ချောင်းများ၌ ရေစစ်ကာ သဲခုံ၊ သောင်ခုံ ဖြူဖြူဖွေးဖွေးများ ပေါ်ထွန်းလာလေ့ရှိပါသည်။ တောင်သူဦးကြီးတို့သည် လယ်ယာလုပ်ငန်းများမှ အနားယူချိန်လည်း ဖြစ်ပါသည်။ ထိုအချိန်တွင် ရှေးမြန်မာမင်းများသည် ထိုသဲပုံစေတီပွဲကို ရာသီပွဲအဖြစ်သတ်မှတ်ကာ ရွှေနန်းတော်ကြီးမှသည် ကျေးလက်တောရွာများအထိ ခြိမ့်ခြိမ့်သဲသဲ ဆင်ယင်ကျင်းပခဲ့ကြသည်။

တပေါင်းလသာယာပုံကို စာဆိုအရှင်ဥတ္တမကျော်က **"လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သီဂီတဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံး လင်းသား"** ဟုဖွဲ့ဆိုခဲ့ပါသည်။

'တပေါင်းသာခေါင် လများနောင် 'ဟု အဆိုရှိပါသည်။ တစ်နှစ်လျှင် ၁၂ လရှိသည့်အနက် တပေါင်းလသည် နောက်ဆုံးလဖြစ်ပြီး အခြားလများ ထက်ပို၍ သာယာပါသည်။ သဘာဝပတ်ဝန်းကျင် အခြေအနေအရ ဆွဲဆောင်မှုအရှိဆုံးလဖြစ်သည်။ ရာသီပန်းများဖြစ်ကြသော အင်ကြင်း၊ သရဖီ၊ ကံ့ကော်တို့ ပွင့်ကြသည်။ ဆောင်းကုန်၍နွေသို့ စတင်ဝင်ရောက်ချိန် ဖြစ်သည်။

တပေါင်းလ၌ တောလမ်းခရီးဖြင့်သွားလျှင် အလွန်သာယာသည်။ တောပန်း၊ တောင်ပန်းများ ဝေဝေဆာဆာပွင့်နေသကဲ့သို့ အချို့အပင်များရှိ သစ်ရွက်တို့ကလည်း ရင့်ရော်ကာနီဝါရောင်သန်းနေကြသည်။ ရွက်ဝါတို့က လည်း ဝေ့ဝေ့ဝဲဝဲ ကြွေကျလျက်ရှိပါသည်။ တောခြေနှင့် တောင်တန်းများကို လှမ်းမျှော်ကြည့်လျှင် မင်းလွင်ခေါ်မြူမှုင်ပါးပါးတို့ ဝေ့ဝိုက်လွှမ်းခြုံနေတတ် သည်။ အဝေးမှလွင့်ပျံ့လာသော ဥသြငှက်တွန်သံကိုလည်း သဲ့သဲ့ကြား နိုင်ပါသည်။

ဖိုးသူတော်ဦးမင်းက လတပေါင်း၏ပုံပန်းကို **"မိန်သမိုက်ပေမို့၊ တိမ်တိုက်ကယ်မိလ္လာမှာ၊ မိန်ပြာပြာမြူကျင်းလျှင်၊ ကူမင်းလွင်ကာခြုံလို့၊ မာလာစုံထုံသောက်သည်နှင့်"** ဟူ၍ဖွဲ့ဆိုခဲ့သည်။

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ တပေါင်းလအခါတွင် တောလမ်းခရီးမှ ကြွခဲ့ဖူးသည်။ ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ ခမည်းတော်သုဒ္ဓေါဓနမင်းကြီးနှင့် ဆွေတော်မျိုးတော်တို့အား တရားဟောကြားရန် ကြွရောက်ခြင်းဖြစ်သည်။ တပေါင်းလ၏ တောတောင်ရေမြေသည် အလွန်လှပသည်ဖြစ်ရာ တောလမ်းခရီးမှကြွလာသော ဘုရားရှင်နှင့် သံဃာတော်တို့လည်း စိတ်ကြည်နူးချမ်းမြေ့ကြသည်။ ကာဠုဒါယီမထေရ်သည် မြတ်စွာဘုရား သခင်အား တပေါင်းလ၏ သာယာပုံများကို ဂါထာဖွဲ့၍ လျှောက်ထားရာ ဂါထာပုဒ်ရေပေါင်း ၆၄ပုဒ်ရှိသည်။ မှတ်ရလွယ်အောင် ဂါထာခြောက်ဆယ် ဟု ခေါ်ကြသည်။ နောင်ခေတ်တွင် ရဟန်းစာဆို ရှင်အုန်းညိုက **"ဂါထာ ခြောက်ဆယ်ပျို့"**ဟူ၍ ရေးသားပြုစုခဲ့ရာ မြန်မာစာပေတွင် အလွန်ထင်ရှားပါသည်။

"ရွှေနှိုင်းပိတောက်၊ လဲနှင့်ပေါက်လည်း၊ တောက်သည့်မီးရောင်၊ ပြောင်ပြောင်ညီးညီး၊ ပန်းတောင်ကြီးသို့၊ ခရီးတောဝယ်၊ မြိုင်အလယ်၌" ဟူ၍ တပေါင်းလအခါ တောလမ်းခရီး၌ ပန်းတို့ပွင့်နေကြပုံကို ရှင်အုန်းညိုက စာဖွဲ့ခဲ့ပါသည်။

"မိန်ရာသီဟု၊ သရဖီ ပိတောက်၊ ခိုင်မြောက်ညွှတ်ညောင်း၊ ဝတ်မှုန်လောင်းလည်း၊ တပေါင်း လသာ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာထွေ"ဟု စာဆို ဆီသည်ရွာစား ဦးအောင်ကြီးက တပေါင်းလ၏ သာယာဟန်ကို ဖွဲ့ဆိုခဲ့ပါသည်။

တပေါင်းလတွင် ဘာသာရေးပွဲသဘင်အဖြစ် ဗုဒ္ဓပူဇနိယပွဲများ ကျင်းပချိန်ဖြစ်သည်။ အမြို့မြို့အနယ်နယ်တွင် ကျင်းပကြသော ဗုဒ္ဓ ပူဇနိယပွဲတော်တို့သည် စည်ကားလှသည်။ မြန်မာပြည် အနယ်နယ် အရပ်ရပ်မှ ထွက်ကုန်ပစ္စည်းများကို ဆိုင်ခန်းများ ဖွင့်လှစ်၍ ရောင်းချကြ သည်။ ဇာတ်ပွဲ၊ ရုပ်ရှင်၊ ဆပ်ကပ်၊ မျက်လှည့်စသည့် ကြည့်ချင်စဖွယ် များလည်း ပါဝင်သည်။ စားစရာမုန့်ဆိုင်များကလည်း အမျိုးအမည် စုံလင်လှသည်။ အချို့ဘုရားပွဲများသို့ ကျေးလက်တောရွာများမှ နွားလှည်း များဖြင့် စုပေါင်း၍ လာရောက်လေ့ရှိကြသည်။ ဘုရားပွဲအနီးတွင် လှည်းအုပ်ကြီးများဖွဲ့၍ ညဥ့်အိပ်ညဥ့်နေ ချက်ပြုတ်စားသောက်ကြသည်။ အပြန်တွင် ဘုရားပွဲဈေးဆိုင်များမှ မိမိလိုရာပစ္စည်းများ ဝယ်ယူပြီး ပြန်ကြသည်။

တောတစ်ခွင်၊ တောင်အထု သာယာခြင်းအပေါင်း စုဝေးနေသည့် အချိန်ဖြစ်ရာ ကျေးငှက်သာရကာတို့မှာလည်း လွတ်လပ်စွာ ပျော်ရွှင်မြူးထူး နေကြပေသည်။ တပေါင်းလ မိန်ရာသီတွင် ရှင်မဟာရဋ္ဌသာရသည် ရွှေစက်တော်ဘုရားသို့ ဘုရားဖူးကြွခဲ့သည်။ ရွှေစက်တော်သွား တောလမ်း ခရီး၏ ကြည်နူးသာယာဖွယ်ကောင်းလှပုံကို ရှင်မဟာရဋ္ဌသာရက ရွှေစက်တော်သွားတောလားတွင်–

"တောတောင်ဝန်းကျင်၊ သို့ရာတွင်မူ၊ အကြင်ပျောင်းသူ၊ လန်းစေဟူသို့၊ လှို့ဆုထွေပြား၊ ငှက်အများလည်း၊ ပျားသို့ချိုအေး၊ ရင့်ရှုကြွေးလျက်၊ မောင်ထွေးတို့လော၊ မယ်ထွေးလောဟု၊ သဘောနှုတ်ဆက်၊ မေးကြလျက် တည့်"ဟူ၍လည်းကောင်း၊

"တောကြက်တွန်မြူး၊ ကျေးငှက်ကျူး၍၊ သံကျူးမြည်စည်၊ စက်ရိပ် လည်လျက်၊ နေခြည်ဝင်မြောက်၊ ဆည်းဆာရောက်သော်၊ မျောက်က ကြိုးခွေ၊ ဒေါင်းအိုးဝေနှင့် သံခြေကြွေးကြော်၊ ဖိုမခေါ်လျက်" ဟူ၍ လည်းကောင်း ဖွဲ့ဆိုခဲ့သည်။

တပေါင်းလ၏ သာယာပုံကို မဟာအတုလမင်းကြီးက **"မြိုင်ခြေငယ် သင်းပါလို့၊ အင်ကြင်းငယ်ရွှေဖီ၊ ဝတ်မှုန်ငယ်စီသည်၊ မြစ်နဒီသောင်တခိုက၊ မောင်မယ်ညို မြူးပြန်တော့တယ်လေ၊ ရာသီမိန်ငယ်၊ ဂိမ္ဘာန်ရက်ပြောင်း၊ လတပေါင်းမို့၊ ရွက်ဟောင်းကြွေကာ၊ ဥတ္တရာနှင့် ကြယ်မှာ ဘဒြာပိုဒ်၊ လေးချက်ချိန်ကိုက်၊ တိမ်ခြေဆိုက်လို့၊ စရိုက်ကယ်ဖွေရှာ၊ ကိုတံငါလဲ၊ ဘာသာဒေါင်ဒင်၊ ပျော်မြူးသာရွှင်တော့တယ်၊ သဘင်လခါမီကို၊ သဲစေတီ ငွေသောင်ကမ်းက၊ လွမ်းလှတယ်လေး"**ဟု ဖွဲ့ဆိုခဲ့သည်။

တပေါင်းလ၏ ပထမလဝက်သည် ဆောင်းရာသီတွင် ကျရောက်ပြီး ဒုတိယလဝက်သည် နွေရာသီတွင် ကျရောက်ကာ ဆောင်းကူးနွေစ သာယာလှသော လရာသီဖြစ်ပါသည်။ ဤသို့ ဆောင်းတစ်ဝက်၊ နွေ တစ်ဝက် လဖြစ်သောကြောင့် **"သာသည့်ညင်းညင်း၊ မြောက်လေကြွင်း နှင့်၊ ဆီးနှင်းမကုန်၊ ပူဟုန်မသည်း၊ ပျံ့ပျံ့ ဖြည်းသား"**ဟု အင်းဝခေတ် စာဆို အကျော် ရှင်အုန်းညိုက ဖွဲ့ဆိုခဲ့သည်။ နေ့အခါတွင် အတော်အသင့် ပူလာပြီ ဖြစ်သော်လည်း ညအခါတွင် ဆောင်းရာသီ၏ မြောက် လေညင်းနှင့် ဆောင်းနှင်းကြွင်းတို့ ရှိနေကြဆဲဖြစ်၍ ဆောင်းရိပ်ဆောင်းငွေ့ မပြယ်သေးဘဲ အေးမြအေးလျက် ရှိပါသည်။

"ချမ်းမြမသန်၊ ပြင်းထန်မပူ၊ လွင်မြူမထောင်း၊ ညွှန်ပျောင်းမချဉ်း၊ လေပြင်းမလာ"ဆိုသည့်အတိုင်း ရာသီဥတုမှာ မချမ်းလွန်း၊ မပူလွန်းပါ။ သဘာဝအခြေအနေ သာယာလှသဖြင့် အလွန်နေထိုင်၍ကောင်းသည့် လရာသီ ဖြစ်ပါသည်။

နွေဦးကာလ တပေါင်းလသည် အညွန့်အဖူး ကွန့်မြူးဝေဖြာနေသော သစ်ပင် သစ်တောတို့ဖြင့် ကျက်သရေအရှိဆုံး၊ သာယာကြည်နူးဖွယ် အကောင်းဆုံးလဖြစ်သည်။

စာဆိုတော်လူဦးမင်းက တပေါင်းလရှုခင်းကို သူ၏လေးချိုးကြီးတွင် **"ယဉ်ယမုန်ငယ်၊ သုန်သုန်ဝေတက်၊ သဲငွေချက်ဝယ်၊ ကွန်ရက်ကယ် ပိုက်ကာ၊ ဒေါင်ဒင်ဩလို့၊ တံငါမြစ်ယံ၊ ငါးကြင်းဆန်၍၊ ဂိမှာန်ခါနွေ၊ နှင်းကျန်သာဝေတော့တယ်၊ ဖြေမတန်၊ လွမ်းရန်ကို၊ ဘယ်ဘယ်ဉာဏ် တဒင်္ဂငယ်နှင့် ငြိမ်းရမယ်သိ"**ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။

အနော်ရထာမင်းသည် ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်းသဲခုံတွင် စွယ်တော်မြတ်ကိုဌာပနာ၍ စေတီတော်ကြီးတစ်ဆူ တည်ထားခဲ့သည်။ ထိုစေတီတော်ကြီးမှာ သဲခုံပေါ်တွင် တည်ထားသဖြင့် ရွှေသဲခုံစေတီဟု ဘွဲ့တော်သတ်မှတ်ခဲ့ရာမှာ ကာလရွေ့လျားလာသည့်အခါ ရွှေစည်းခုံဟု ပြောင်းလဲခဲ့ပြီး ယခုတိုင် အထင်အရှားတည်ရှိနေပါသည်။

သဲပုံစေတီပွဲတော်နှင့် စပ်လျဉ်း၍ အင်းဝခေတ်စာဆိုအကျော် ရှင်မဟာ သီလဝံသဖွဲ့ဆိုသည့် ဗုဒ္ဓုပ္ပတ္တိပျို့ စာမျက်နှာ ၂၇ တပေါင်းလဘွဲ့တွင်– **"ငါးတန် ငါးကြင်း ၊ ရွှေတသင်းတို့ ၊ မြစ်တွင်း မြူးပျော်၊ စင်ရော် မြစ်ထွေး၊ ချစ်သံလေးနှင့်၊ ရေကျေးရေငှက်၊ စက္ကဝက်ဟသာ၊ ငှက်တကာ လည်း၊ ဘာသာကျူးကျော်၊ မြူးပျော်ကြတုံ၊ ငွေသောင်ခုံဝယ်၊ သဲပုံစေတီ ပွဲတော်ပြီတည်း"** ဟုတွေ့ရှိရာ အင်းဝခေတ်၌ သဲပုံစေတီ ပွဲတော်ရှိနေပြီ ဖြစ်ကြောင်း သိရပေသည်။

ရှေးအခါက တောင်သူလယ်သမားဦးကြီးများ တည်ထားလေ့ရှိသော သဲပုံစေတီတော်များမှာ မူလတည်ထားစအချိန်တွင် ရိုင်ပတ်ဆင့်ပြီး တည်ထားလေ့ရှိကြောင်း၊ ရိုင်ပတ်များကို အဆင့်ငါးဆင့် တည်ဆောက်ကြ ကြောင်း၊ ဤအဆင့်ငါးဆင့်မှာ မြင်းမိုရ်တောင်ရှိ အာလိန်ငါးဆင့်ပုံကို ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ထိုအာလိန်ငါးဆင့်တွင် သန့်စင်သော သဲများဖြင့်အပြည့် သိပ်ရကြောင်း၊ ပြီးလျှင် တံခွန်၊ ကုက္ကား၊ လှူဖွယ်ပစ္စည်း များဖြင့်ပူဇော်၍ အလှူအတန်းပွဲများ ပြုလုပ်ကြကြောင်း၊ နှစ်ကာလ ကြာသောအခါမှ အုတ်တို့ဖြင့် စေတီကိုငုံလျက် စေတီကြီးအဖြစ်သို့ ဆက်လက် တည်ဆောက်ခဲ့ကြကြောင်း သိရပါသည်။

သဲပုံစေတီ တည်ထားကိုးကွယ်ခြင်းသည် ရှေးအခါကပင်ရှိခဲ့သော ဘာသာယဉ်ကျေးမှုဖြစ်သည်ဟု ဗုဒ္ဓသာသနိက ကျမ်းများ၌ ဖော်ပြထား သည်ကိုလည်း တွေ့ရပါသည်။

ဤသို့ဖြင့် သက်ရှိထင်ရှားမြတ်ဘုရားကို ရည်စူး၍ **တပေါင်း သာခေါင် လများနောင်**တွင် သဲပုံစေတီ တည်ထားကိုးကွယ်ကြသည့် အစဉ်အလာနှင့် ဗုဒ္ဓပူဇနိယပွဲတော်များကို မြန်မာတို့ နှစ်စဉ်ကျင်းပလျက် ရှိကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တ ပတ် အထိမ်းအမှတ် ယင်လုံအိမ်သာ သုံးစွဲရေးနှင့် သန့်သုံးသန့်အကြောင်း ဟောပြောပွဲကို မတ်၁ရက်က မြို့နယ်ရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ကျန်းမာ ရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ဥမ္မာမြင့် ဟောပြောဆွေးနွေးစဉ်။ (၂၅၉)

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ကန်ဦးကျောင်းလမ်း လမ်းပြုပြင်ရန် မတည်ငွေကျပ် ဆယ်သိန်း ပေးအပ်လှူဒါန်းပွဲ အခမ်း အနားကို ဖေဖော်ဝါရီ၁၉ရက်က မေတ္တာဝါဒီ ဟင်္သာတ ပရဟိတကျောင်း တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်း သံဃနာယက (မဟာဒွါရ) ဥက္ကဋ္ဌ ဓောတိကဓဇ ဘဒ္ဒန္တ စန္ဒောဘာသက လမ်းပြုပြင်ရေးကော်မတီထံ ပေးအပ် လှူဒါန်းစဉ်။ (က-ပ)

မြောက်ဥက္ကလာပမြို့နယ် အခြေခံ ပညာမူလတန်းကျောင်း အမှတ်(၁၂) မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရ မစုမြတ်လင်းအား ကျောင်းအုပ်ဆရာကြီး ဦးမြဝင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ တိုင်းသံဃာ့ဝန်ဆောင်အဖွဲ့နှစ်ပတ်လည်စည်းဝေး တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်ဝင်းတက်ရောက်ကြည်ညို သာသနာရေးဆိုင်ရာများလျှောက်ထား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်ဝင်း ဥပဇ္ဈာယ်မှ ရန်ပုံငွေနှင့် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့၏ တိုင်းသံဃာ့ဝန်ဆောင်အဖွဲ့(ဆဋ္ဌမ) နှစ်ပတ်လည် အစည်းအဝေးအတွက် အလှူရှင်တစ်ဦး၏ လှူဒါန်းငွေများကို လက်ခံစဉ်။

(သတင်းစဉ်)

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း သံဃနာယကအဖွဲ့၏ တိုင်းသံဃာ့ဝန်ဆောင်အဖွဲ့(ဆဋ္ဌမ) နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရန်ကုန်တိုင်းသံဃနာယကအဖွဲ့ရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်ဝင်း တက်ရောက်ကြည်ညို၍ သာသနာရေးဆိုင်ရာများ တင်ပြလျှောက်ထားသည်။

ဩဝါဒကထာမြွက်ကြား

ထို့နောက် ရန်ကုန်တိုင်း ဩဝါဒါစရိယ ဆရာတော်ကြီးများကိုယ်စား တိုင်းဩဝါဒါစရိယဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝါယမိန္ဒနှင့် အစည်းအဝေး သဘာပတိဆရာတော် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လတို့က ဩဝါဒကထာများ မြွက်ကြားချီးမြှင့်တော်မူကြသည်။

လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတိုင်းမှူးဗိုလ်မှူးချုပ်လှမြင့်ဝင်းက သာသနာရေးဆိုင်ရာကိစ္စရပ်များ တင်ပြလျှောက်ထားပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဥပဇ္ဈာယ်မှ ရန်ပုံငွေနှင့်တိုင်းသံဃာ့ဝန်ဆောင် အစည်းအဝေးအတွက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ အဂ္ဂမဟာသီဟသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်နှင့်ဇနီး သီရိသုဓမ္မသီဂီဒေါ်ကြည်ကြည်ဆွေ(သမ္မတသက်န်းတိုက်မိသားစု)က ငွေကျပ် ၂၅၀၀၀၀၊ တော်ဝင်စားသောက်ဆိုင်ပိုင်ရှင် ဦးစိုးညွန့်နှင့်ဇနီး ဒေါ်စောပုမိသားစုတို့က ငွေကျပ်နှစ်သိန်း၊ သီဟသုဓမ္မမဏိဇောတဓရ ဦးသိုင်းဝင်းနှင့်ဇနီး သီရိသုဓမ္မသီဂီ ဒေါ်ငွေငွေညွန့် (ဘီတီဘီကုမ္ပဏီမိသားစု)က ငွေကျပ် ၁၅၀၀၀၀၊ ဦးစိုင်းဆမ်-ဒေါ်အေးအေးမင်းမိသားစု (သိဒ္ဓိစိန်ရတနာရွှေဆိုင် ဗိုလ်ချုပ်ဈေး)က ငွေကျပ်တစ်သိန်း အပါအဝင် အလှူရှင်၂၃ဦးက အလှူငွေကျပ် ၁၃၅၅၀၀၀ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး အနုမောဒနာ မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် တိုင်းမှူးနှင့် ဧည့်ပရိသတ်များသည် ရန်ကုန်တိုင်း သံဃာ့ဝန်ဆောင်အဖွဲ့ တိုင်းသံဃာ့ဝန်ဆောင် ဆရာတော်အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ဟောကြားတော်မူသော အနုမောဒနာတရားကို နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဖတ်ကြားအတည်ပြု

ဆက်လက်၍ အစည်းအဝေးအစီအစဉ် ဒုတိယပိုင်းကို ကျင်းပရာ ဆရာတော်အရှင်သူမြတ်များက သာသနာရေးရာ ဆောင်ရွက်ချက်များ၊ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များ၊ ပညာရေးရာဆောင်ရွက်ချက် အစီရင်ခံစာများကို ဖတ်ကြား အတည်ပြုကြသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း သံလွင်တံတား (မော်လမြိုင်) ချဉ်းကပ် ရထားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

သံလွင်တံတား (မော်လမြိုင်) ချဉ်းကပ်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း ဒုတိယဝန်ကြီးဦးဖေသန်း စစ်ဆေး၊ လိုအပ်ချက်များဖြည့်ဆည်းပေး

ရန်ကုန် မတ် ၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ဖေဖော်ဝါရီ ၂၈ ရက်က စစ်တောင်းတံတား၌ မြန်မာ့မီးရထား တိုင်းအမှတ်(၆)မှ တိုင်းအရာရှိများအား တွေ့ဆုံပြီး ပဲခူး-စစ်တောင်း ရထားလမ်းအဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းနှင့် စစ်တောင်း- ဆတ်သွားကုန်း-ဒိုက်ဦး ရထားလမ်းသစ်ဖောက်လုပ်ခြင်း လုပ်ငန်းဆိုင်ရာများ၏ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သထုံမြို့ ကုန်းလမ်းပို့ဆောင်ရေး ကုန်စည်ဌာနခွဲ၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ အရာထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည့်အပြင် စစ်တောင်း-မုတ္တမအကြား ရထားလမ်း အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ စီမံကိန်းအင်ဂျင်နီယာ (စစ်တောင်း-မုတ္တမရထားလမ်းအဆင့်မြှင့်တင် ပြုပြင်ရေးစီမံကိန်း အထူးအဖွဲ့)၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သံလွင်တံတား (မော်လမြိုင်) ချဉ်းကပ်ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၏ မုတ္တမဘက်၌ ရန်ကုန်-မော်လမြိုင်မော်တော်ကားလမ်းမကြီးမှ တစ်ဆင့် မုတ္တမရပ်စခန်းဘူတာသစ်သို့ မြန်မာ့မီးရထားမှ အဝင်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း၊တည်ဆောက်ပြီး မုတ္တမရပ်စခန်းဘူတာသစ်နှင့် ဆောက်လုပ်ဆဲဖြစ်သည့် ခရီးသည်များ စောင့်ဆိုင်းရန် Platform Shed တည်ဆောက်ခြင်းလုပ်ငန်း၊ မုတ္တမရပ်စခန်းဘူတာသစ်မှ သထုံဘက်သို့ အထွက်ရထား သံလမ်းခင်းခြင်း လုပ်ငန်းနှင့် မုတ္တမရပ်စခန်းဘူတာမှ မော်လမြိုင်ဘက်သို့ မြေသားတာပေါင် ပြုလုပ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သံလွင်တံတား(မော်လမြိုင်)၏ မော်လမြိုင်ဘက်ရှိ ချဉ်းကပ်ရထားလမ်းပိုင်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်ပြီးစီးသော ချဉ်းကပ်တံတားပေါ်၌ သံလမ်းခင်းပြီးသည့် အပိုင်းကို သံလမ်းပြေးယာဉ်ငယ် (MRGC) ဖြင့် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

မှာကြားဖြည့်ဆည်း

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ် "လှိုင်"ကားလမ်းကူး ခုံးကျော်တံတားနှင့် အဆိုပါခုံးကျော်တံတားမှ တစ်ဆင့် သံလွင်တံတား(မော်လမြိုင်)သို့ ချဉ်းကပ်ရထားလမ်း မြေသားတာပေါင်ပေါ်တို့၌ သံလမ်းခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သံလမ်းခင်းခြင်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းဆိုင်ရာများကို မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်ဘူတာအသစ် တည်ဆောက်ခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိ၍ မြေညှိထပ်၌ ကြွေပြားခင်းခြင်းလုပ်ငန်း၊ ပထမထပ်သို့ တက်သော ပင်မလှေကားကြီး နှစ်စင်းနှင့် ပထမထပ် စင်္ကြံတို့၌ Steel Pipe လက်ရန်းတပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်ဘူတာအသစ်၏ စင်္ကြံအမှတ်(၁)၌ ရထားစီးခရီးသည်များ၊ ပို့ဆောင်သူများနှင့် ကြိုဆိုသူများစောင့်ဆိုင်းနိုင်ရန် Platform Shed တည်ဆောက်ပေးသည့်နည်းတူ စင်္ကြံအမှတ်(၂)နှင့် (၃)တို့၌လည်း အလျားပေ ၃၀၀ရှည်သော Platform Shed တစ်ခုစီ တည်ဆောက်ပေးရန် မှာကြားသည်။

ဒုတိယဝန်ကြီးသည် မတ် ၁ ရက်တွင် သထုံဘူတာ၌ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ သထုံခရိုင်မှ ဦးစီးဌာန၊ လုပ်ငန်းများ၏ အရာထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၃-၂၀၀၆
(တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဝါသနာရှင်စင်မြင့် (ခန့်စည်သူ၊ ကော်နီ)
၇:၄၀	သတိပြုကာကွယ် ငှက်ဖျားအန္တရာယ်
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	ပြည်တွင်းသတင်းအကျဉ်း
၈:၁၀	တေးဂီတအစီအစဉ်
၈:၁၅	Myanmar Video Rhythm
၉:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	စက်မောင်းဆီ အစားထိုးနိုင်ဖို့ ပရိဂျူဆာဂတ်စ်ကိုသုံးကြစို့
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	မိုးလေဝသခန့်မှန်းချက်
၉:၄၀	Sunday Talk
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅	ထူးခြားသွင်ပြင် သတ္တုပြန်းပုရုပ်သွင်
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	သွားမယ်စားမယ် (Zephyr) ကိုသွားမယ် အညာ ပဲထမင်းစားမယ်
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	ရေနွေးငွေ့သုံး ဆန်အရောင်တင်စက်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၇:၃၀	ပွဲကြိုသုံးသပ်ချက်	5-Sport (Live)
၇:၅၅	Man City-Sunderland	5-Sport (Live)
၁၀:၂၅	Tottenham-Blackburn	5-Sport (Live)
၁၂:၃၀	Final Score	5-Sport (Live)

Series -A ဘောလုံးပွဲစဉ်များ

၈:၃၀	Chievo-Lazio	5-Cartoons(Live)
၂:၀၀	Roma-Inter Milan	5-Sport (Live)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘက်စုံပြုပြင်မွမ်းမံရန် ငွေလှူဒါန်း

ရန်ကုန် မတ် ၄

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်တွင် ဆောက်ရွက်လျက်ရှိသော ဘက်စုံပြုပြင်မွမ်းမံခြင်း လုပ်ငန်းများအတွက် မတ် ၂၇ ရက်က နှစ်ဖက်မိဘများနှင့်ဇနီး ဒေါ်ထားကြည် (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း၊ အထက-၆၊ တောင်ငူ)တို့အား ရည်စူး၍ အမှတ် ၁၁/ခ ဇေယျာသီရိလမ်း (၁)ရပ်ကွက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့နှင့် ခြံအမှတ် ၇၁၃ (စံရိပ်သာ) သီရိကျော်ထင်လမ်း မင်းကြီးညိုရပ်ကွက် တောင်ငူမြို့နေ ဦးဘဝင်းချစ်က အလှူငွေကျပ် ၁၀၀၀၀၀ကို ဆံတော်ရှင် ကျိုက်ထီး ရိုးစေတီတော် အဝေးရောက် ဂေါပက အဖွဲ့အကျိုးဆောင် ဦးဆန်းထံလာရောက် လှူဒါန်းသည်။ **(ယာပုံ)**

အလှူငွေများလှူဒါန်း လိုပါက ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် အဝေးရောက် ဂေါပကအဖွဲ့ အကျိုးဆောင် ဦးဆန်း အမှတ် (၂၁) ပန်းခြံလမ်း စမ်းချောင်း မီးသတ်အနီး စမ်းချောင်းမြို့နယ် ဖုန်း-၀၉ ၅၀၀ ၁၇၈၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ၂၆ရက်က ရန်ကုန်မြို့ ဆူးလေစေတီတော်မြတ်ကြီး ဘက်စုံ မွမ်းမံပြုပြင်ရေး တည်ဆောက်ရေး၊ **ထီးတော်ကြီး၊ ကိုယ်လုံးတော်ကြီးနှင့်** အရံစေတီတော်များ ရွှေစင်၊ ရွှေပြား မျက်ပါး ရွှေသင်္ကန်းတော်ကပ်လှူရေး အတွက် အမှတ်၄၄/A အင်ကြင်း မြိုင်လမ်း သုဝဏ္ဏ ရန်ကုန်မြို့နေ ဦးညွှန့်ဆွေ–ဒေါ်သက်သက်ဆွေ၊ သားကြီး ကိုဇော်ဦးဆွေ–မနုနု၊ သမီး ဒေါက်တာဥမ္မာဝင်း၊ ဒေါက်တာ သန့်ဇင်ဝင်း၊ သားငယ် နိုင်ဦးဆွေ၊ မြေး မောင်ဆွေဟိန်း၊ ချမ်းငြိမ်းဇော် မိသားစုက နေလဘုရား ဖိနလိုဏ်ဂူ ပေါ်ရှိ အရံစေတီတော် အလတ် တစ်ဆူ (ကိုယ်လုံးတော်နှင့်ထီးတော်) ရွှေသင်္ကန်းကပ်လှူရန် အလှူငွေကျပ်တစ်ဆယ့်နှစ်သိန်းကို ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးဟန်နှင့် ဦးချစ်အေးတို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဘတ္တာ/ အခွန်က သစ်တောရေးရာကိုနှစ်ဂိုးပြတ်နိုင် ပို့ဆောင်ရေးနှင့် စီးပွား/ကူးသန်း ဂိုးမရှိသရေကျ

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅–၂၀၀၆ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြဘဲ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။

အမှတ်ပေးဇယား ဒုတိယနေရာအတွက် အပြိုင်အဆိုင်ဖြစ်နေသော နှစ်သင်းဆုံတွေ့ခြင်းဖြစ်ရာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသည်။ နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ ရရှိသော်လည်း ဂိုးဝင်အောင် မသွင်းနိုင်ကြ၍ ဂိုးမရှိသရေပွဲဖြစ်ပြီး တစ်မှတ်စီခွဲယူခဲ့ရသည်။ ယနေ့ပွဲစဉ်များအပြီးတွင် စီးပွား/ကူးသန်းအသင်းက ၁၄ပွဲကစား ၃၁မှတ်ဖြင့် ဒုတိယနေရာ၌လည်းကောင်း၊ ပို့ဆောင်ရေးအသင်းက ၁၄ပွဲကစား ၂၆ မှတ်ဖြင့် တတိယနေရာ၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

ဘတ္တာ/အခွန်နိုင်

လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဘတ္တာ/အခွန်အသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဘတ္တာ/အခွန်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဘတ္တာ/အခွန်အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးကို ပထမပိုင်းတွင် ခင်မောင်ထွန်းက သွင်းယူပေးသည်။

ယနေ့ ပွဲစဉ်များအပြီးတွင် ဘတ္တာ/အခွန်အသင်းက ၁၄ပွဲကစား အမှတ်၄၀ဖြင့်အမှတ်ပေးဇယားထိပ်ဆုံး၌လည်းကောင်း၊ သစ်တောရေးရာအသင်းက ၁၄ပွဲကစား ၁၇မှတ်ဖြင့် အဆင့် ၉ ၌လည်းကောင်း ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲ

မတ် ၅ ရက်**(ယနေ့)**ညနေ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် စွန်ရဲအသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့် ရထားပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဆက်ကပ်လှူဒါန်း

ဖေဖော်ဝါရီ၂၇ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်၌ မီးဘေးသင့်ခံရသော သီရိမင်္ဂလာစာသင်တိုက်ကြီးအသစ် ပြန်လည်တည်ဆောက်ရန်အတွက် ရခိုင်လူမှုရေးအသင်းက အလှူငွေကျပ် ၁၁သိန်းကို တိုက်အုပ်ဆရာတော် ဦးခေမာထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

အသက်(၁၉)နှစ်အောက် အာရှလူငယ်ခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ်အမျိုးသမီးဘောလုံးအသင်း ထိုင်းသို့ထွက်ခွာ

ရန်ကုန် မတ် ၄

ထိုင်းနိုင်ငံတွင် မတ်၅ရက်မှ ၉ရက်အထိ ကျင်းပပြုလုပ်မည့် ၂၀၀၆ခုနှစ် အသက်(၁၉)နှစ်အောက် အာရှလူငယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်မှူး ဦးစိုးမြင့်လွင် ခေါင်းဆောင်သော မြန်မာလူငယ် အမျိုးသမီးဘောလုံးအသင်းသည် ယမန်နေ့ညနေက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာလူငယ်အမျိုးသမီးဘောလုံး အသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်အဖြစ် ဦးဝင်းမြင့်သွင်၊ လက်ထောက်နည်းပြအဖြစ် ဦးအုန်းကြိုင်၊ဆေးမှူးအဖြစ် ဒေါက်တာမော်လီချစ်၊ သူနာပြုအဖြစ် ဒေါ်အေးသီတာ၊ အားကစားသမားများအဖြစ် **ဂိုးသမား**–ညိုညိုဝင့်၊ မြဖူးငုံ၊ ဇင်မင်းထွန်း၊ **နောက်တန်း**–ခင်မျိုးဝင်း၊ မေသူဝင်း၊ သဲသဲချို၊ ဆုမွန်၊ ရီရီဦး၊ စိုးမိုးထွေး၊ ခင်ချောစုလှိုင်၊ စုစုဝေ၊ ဆုဖြိုးဝေ၊ **အလယ်တန်း**–နီလာမြင့်၊ နန်းကြေးငုံ၊ အေးအေးမာ၊ သီရိမြတ်၊ သန္တာမိုး၊ **ရှေ့တန်း**–ခင်မာလာထွန်း၊ မာဂရက်မေရီနှင့် မေသူထွန်းတို့ လိုက်ပါသွားကြသည်။ အားကစားသမား ၂၀ တွင် အား/ကာသိပ္ပံ (မန္တလေး)မှ ကိုးဦး၊ အား/ကာသိပ္ပံ (ရန်ကုန်)မှ ခုနစ်ဦး၊ ဧရာဝတီတိုင်းမှ နှစ်ဦး၊ ပြည်ထဲရေးနှင့် ပို့ဆောင်ရေးမှ တစ်ဦးစီပါဝင်ကြသည်။

ယှဉ်ပြိုင်မည်

မြန်မာလူငယ်အသင်းသည် ခြေစစ်ပွဲအဖြစ် မတ်၇ရက်တွင် သြစတြေးလျ၊ ၉ရက်၌ အိမ်ရှင်ထိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အာရှယူ–၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲဝင်မည့် မြန်မာလူငယ် အမျိုးသမီးအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

(မြန်မာ့အလင်း)

မြို့နယ်သတင်းပဒေသာ

လူငယ်တောင်တက်အဖွဲ့ ကျောက်ပန်းတောင်း၌ တွေ့ဆုံ

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၇

မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ငါးမြို့နယ် အသင်းဝင်လူငယ်တောင်တက်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ၆ ရက်က ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ် အောင်မင်းခေါင်ရိပ်သာ စကားဝါချောင် ရတနာပုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းနှင့် ခရိုင်အုပ်ချုပ်ရေးဦးစီးအရာရှိ ဦးလှမိုးတို့က အမှာစကားပြောကြားကြပြီး ဆက်လက်၍ ငါးမြို့နယ်မှ အသင်းဝင်လူငယ်နှစ်ဦးစီတို့က မြို့နယ်များ၏ ဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊လူမှုရေးများကို တင်ပြဆွေးနွေးကြသည်။ (ဝ၆၁)

မြင်းခြံတွင် ကတ္တရာလမ်းသစ်ဖွင့်

မြင်းခြံ ဖေဖော်ဝါရီ ၁၉

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေနှင့် အလှူရှင်လှူဒါန်းငွေများဖြင့် ဆောင်ရွက်သော အမှတ်(၁၁)ရပ်ကွက် ၁၉လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၄ရက်က အဆိုပါလမ်းမှခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်း၊ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်နှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၄၀၂)**

ဂန့်ဂေါ ထွေ/ အုပ်ဦးစီးဌာန ဝတ်စုံထောက်ပံ့

ဂန့်ဂေါ ဖေဖော်ဝါရီ ၉

ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ၃၀ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကျော်က အမှာစကားပြောကြားပြီး ဝန်ထမ်းများအတွက် ဝတ်စုံများပေးအပ်သည်။

အဆိုပါ ဝတ်စုံထောက်ပံ့ခြင်း အခမ်းအနားအပြီးတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မိသားစုစည်းကမ်းထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်နှင့်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းပျိုးထောင်ကြသည်။ (၂၇၃)

စာပေဟောပြောပွဲ တပ်ကုန်း၌ကျင်းပ

တပ်ကုန်း ဖေဖော်ဝါရီ ၁၅

တပ်ကုန်းမြို့နယ် ကျောက်ဖျာအုပ်စု ရွာသစ်ကုန်းကျေးရွာ ပွင့်လင်းစာကြည့်တိုက်၌ စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၅ ရက် နံနက်၁၀ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမောင်ပု (ဉာဏ်လင်း–တပ်ကုန်း)က ငွေကျပ်ငါးထောင်တန်ဖိုးရှိ မဂ္ဂဇင်းများ၊ ဂျာနယ်များ ပေးအပ်လှူဒါန်းပြီး စာပေဟောပြောပွဲ ကျင်းပရာ ဦးမောင်မောင်ကြီး (ပေတိုး–ရွှေမြို့)၊ ဦးတင်ထွန်းတာ (တင်ထွန်းတာ–တပ်ကုန်း)နှင့် ဦးတင်လင်းကြိုင်(လွမ်းနဒီလင်း–ပျဉ်းမနား) တို့က စာပေရေးရာများ ဟောပြောကြသည်။ **(၂၆၆)**

မန္တလေး၌ မီးဘေးကာကွယ်ရေးဆောင်ရွက်

မန္တလေး ဖေဖော်ဝါရီ ၂၀

မန္တလေးတိုင်း မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနှင့် မန္တလေးတိုင်း မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ တိုင်းအတွင်းစက်သုံးဆီ အရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းနှင့် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ၁၀ ရက်က ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြသန်းနှင့်အဖွဲ့က ချမ်းမြသာစည်မြို့နယ် ကံသာယာရပ် ၅၉လမ်း စက်သုံးဆီအရောင်းဆိုင်အမှတ်(ဝ၆၃၀)ကို ကြည့်ရှုစစ်ဆေးကြသည်။

ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးမြသန်းနှင့်အဖွဲ့သည် စက်သုံးဆီ မော်တော်ယာဉ်ပေါ်မှ သိုလှောင်ကန်အတွင်း ထည့်သွင်းမှုအခြေအနေ၊ မော်တော်ယာဉ်၊ ဆိုင်ကယ်များ ဆီဖြန့်ဝေထည့်သွင်းမှု၊ သိုလှောင်ကန် ဘေးဝန်းကျင်သန့်ရှင်းသာယာရေးနှင့် မီးသတ်ဆေးဘူးများ အသုံးချကိုင်တွယ်နည်းများ လက်တွေ့ပြသမှုကို ကြည့်ရှုစစ်ဆေးကြသည်။

(၁၆၂)

အထက်မင်းလှ၌ မူကြိုကလေးငယ် အားကစားပြိုင်

အထက်မင်းလှ ဖေဖော်ဝါရီ ၂၂

မကွေးတိုင်း အထက်မင်းလှမြို့ မူလတန်းကြိုကျောင်းတွင် ဖေဖော်ဝါရီ၁၃ ရက်က အားကစား၊ သီချင်းဆိုနှင့် အကများကို ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲ၌ ဆုရကလေးငယ်များအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(၀၇၆)**

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ
အိမ်ရှင်ဂျာမနီ အကောင်းဆုံးပြင်ဆင်ထားပြီ

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ

မြူးနစ် မတ် ၄

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို လာမည့် ဇွန် ၉ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်ရာ အိမ်ရှင်ဂျာမနီနိုင်ငံရှိ မြို့ကြီးခြောက်မြို့တွင် အားကစားကွင်းများကို အရှိန်အဟုန်မြင့် ပြင်ဆင်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီ ဖြစ်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအားကစားအသင်းများ အနေဖြင့် ဂျာမနီ နိုင်ငံရှိ မြူးနစ်၊ ဘာလင်၊ ဟန်နိုဗာ၊ ဟမ်းဘတ်၊ ဒေါ့တ်မန့်ဒ်နှင့် ဂီလ်ဆင်ကီရာချန် မြို့ကြီး ခြောက်မြို့ရှိ ကမ္ဘာ့အဆင့်မီ အားကစားကွင်း ခြောက် ကွင်း၌ ကစားကြမည်ဖြစ်သည်။

အဆိုပါ မြို့ကြီးခြောက်မြို့တွင် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲလာ ပရိသတ်များအတွက် သယ်ယူ ပို့ဆောင်ရေး၊ တည်းခိုရေးလုပ်ငန်းများကို စနစ်တကျ ပြင်ဆင်ထားခဲ့ပြီးဖြစ်ရာ အပြီးသတ်လုပ်ဆောင်ဖွယ်ရာ များကိုသာ ဆောင်ရွက်ရန် ကျန်ရှိတော့သည်။

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပထမဆုံး အဖွင့် ပွဲစဉ်အဖြစ် အုပ်စု (က)မှ အိမ်ရှင်ဂျာမနီနှင့် ကော်စတာ ရီကာအသင်းတို့ မြူးနစ်မြို့ အားကစားကွင်းကြီး၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကမ္ဘာ့ပြည်သူများ စိတ်ဝင်စားမှု ပိုမိုဖြစ်ရေး အတွက် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိနေသော ကမ္ဘာကျော် ဘောလုံးသမားကြီး ပီလီနှင့်အတူ တောင်ကိုရီးယားကလေးငယ်များ။
(ဓာတ်ပုံ-အင်တာနက်)

ပွဲဦးထွက်

ထို့အတူ ဇွန် ၉ရက်တွင်ပင် ပိုလန်နှင့် အီကွေဒေါ အသင်းတို့လည်း ဂီလ်ဆင်ကီရာချန်မြို့ အားကစားကွင်း ကြီး၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ပွဲဦးထွက် မည်သည့် အသင်းများ အနိုင်ရရှိမည်ကို ခန့်မှန်းနိုင်မည်ဖြစ်သည်။

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကမ္ဘာ တစ်ဝန်းရှိ ပြည်သူများ စိတ်ဝင်စားမှု ပိုမိုရှိစေရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က တာဝန်ပေးမှုဖြင့် ကမ္ဘာ့ဂန္ထဝင်ဘောလုံးသမားကြီးဖြစ်သည့်အသက်၆၅နှစ်အရွယ်ရှိ ပီလီလည်း ယခုအခါ အာရှနိုင်ငံအများအပြားသို့ လှည့်လည်ကာ စည်းရုံးလှုပ်ရှားမှုများဆောင်ရွက်လျက်ရှိသည်။

အကောင်းဆုံး

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်ဂျာမနီသည် ပြိုင်ပွဲဝင် ဘောလုံးအသင်းများအတွက် တည်းခိုမည့် ဟိုတယ်၊သယ်ယူပို့ဆောင်ရေး၊ သတင်းပြန်ကြားရေး၊ ကျန်းမာရေးဝန်ဆောင်မှုစသည့်လုပ်ငန်းအဖုံဖုံကို အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်ထားကြောင်း ဂျာမနီနိုင်ငံမှ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အကြိုထုတ်ပြန်

ယခုအခါ အိမ်ရှင် ဂျာမနီဘောလုံးအသင်းသည် ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားမည့် ဘောလုံးသမားများစာရင်းကို အကြိုထုတ်ပြန်လိုက်ပြီ ဖြစ်ရာ စုစုပေါင်း ၁၇ဦး၏ အမည်စာရင်းထွက်ပေါ်လာပြီ ဖြစ်သည်။

ဂျာမနီ ဘောလုံးအသင်းတွင် နောက်ခံလူနှစ်ဦးနှင့် တိုက်စစ်မှူးတစ်ဦး လိုအပ်နေလျက်ရှိရာ ထပ်မံဖြည့်ဆည်း မည်ဖြစ်သည်။ လက်ရှိထုတ်ပြန်ထားသော ဘောလုံး သမား စာရင်းတွင် နံပါတ် ၉ဂျင်းစ်လီမန်းမှာ အသက် ၃၆နှစ်အရွယ်ရှိပြီး အသင်းတွင် အသက်အကြီးဆုံး ဖြစ်သလို ကျောနံပါတ် ၂၉ဝတ်ဆင်ကစားမည့် နောက်ခံလူ ပါမာတီဆာကာမှာ အသက် ၂၁နှစ်ဖြစ်ပြီး အသက် အငယ်ဆုံး ဖြစ်သည်။

အပြီးသတ်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို လက်ခံကျင်းပမည့် ဂျာမနီနိုင်ငံရှိ ဘောလုံးအားကစားကွင်းကြီးများ၌ ခေတ်မီဆက်သွယ်ရေး၊ ရိုက်ကူးရေး၊ သတင်းထုတ်ပြန်ရေးစနစ်များကို ယခုအခါ အပြီးသတ်တပ်ဆင်လျက်ရှိနေပြီဖြစ်သည်။

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပနေစဉ် ကာလအတွင်း လုံခြုံရေးကို အထူးအလေးထား ပြင်ဆင်ထားမှုများ ပြုလုပ်လျက်ရှိရာ ခေတ်မီနည်းပညာသုံး လေယာဉ်များက ဝေဟင်တွင် ဝဲပျံစောင့်ကြပ်နေမည် ဖြစ်သလို မြေပြင်ရှိ လုံခြုံရေးဆိုင်ရာ ခေတ်မီကိရိယာများ၊ တပ်ဖွဲ့ဝင်များကိုလည်း အထူးသင်တန်းများပေးပြီး လေ့ကျင့်မှုပြုလုပ်ထားလျက်ရှိသည်။

တပ်ဆင်ထား

ဘောလုံးကွင်းအတွင်း ရမ်းကားသော ပရိသတ်များကို ချက်ချင်း ဖမ်းဆီးမှုပြုလုပ်နိုင်ရန် ကွင်းအတွင်း ရုပ်မြင်သံကြားများနှင့် ခေတ်မီနည်းပညာသုံး ကိရိယာများ တပ်ဆင်ထားကြောင်းသိရသည်။ **(အင်တာနက်)**

၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဂျာမနီနိုင်ငံ ဂီလ်ဆင်ကီရာချန်မြို့ရှိ ဗယ်လ်တင်စ်အရီနာ ဘောလုံးကွင်းကြီး ပြင်ဆင်ထားမှုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

အီတလီစီးရီးအေဘောလုံးပွဲစဉ်(၂၈)
ရိုးမားနှင့် အင်တာမီလန်အပါအဝင် ပွဲပေါင်းရှစ်ပွဲ ယနေ့ကစားကြမည်

ရောမ မတ် ၄

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၈)ကို မတ်၅ ရက် (ယနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ ရိုးမားနှင့် အင်တာမီလန်၊ ဖီအိုရင်တီးနားနှင့် ဆီနာ၊ ချီယေးဗိုနှင့် လာဇီယိုတို့ အပါအဝင် ပွဲပေါင်းရှစ်ပွဲကစားမည်ဖြစ်သည်။

ရိုးမားနှင့်အင်တာမီလန်

အဝေးကွင်း၌ ခြေပျက်တတ်သော အင်တာမီလန်တို့ အိမ်ကွင်းရလဒ်ကောင်းအောင် ကြိုးစားနေသည့် ရိုးမားတို့နှင့် ထိပ်တိုက်ဆုံပြီ ဖြစ်သည်။ စီးရီးအေချန်ပီယံကို မျှော်မှန်းခဲ့သည့် အင်တာမီလန်တို့လည်း ၂၇ ပွဲကစားပြီးချိန်တွင် တန်းစီဇယားထိပ်ဆုံးမှ ပြေးနေသော ဂျူဗင်းတပ်စ်နှင့် ပွဲတူ ၁၂မှတ်ကွာလျက်ရှိရာလက်ရှိ တတိယနေရာတည်မြဲရန် ကြိုးစားရန်းကန်ရမည် ဖြစ်သည်။

ရိုးမားကွင်း၌ အင်တာမီလန်တို့ နောက်ဆုံးငါးပွဲကစားခဲ့ရာတွင် ရိုးမားတို့ ငါးပွဲစလုံးအနိုင်ရရှိထားသည့် ရလဒ်ကပြတ်ပြတ်သားသားပင် ဖော်ပြနေရာ အင်တာမီလန်တို့ လူစုံ ထုတ်၊ ခြေကုန်ထုတ်ကစားမှ တန်ကာကျပေတော့မည်။ ဂိုးသွင်းခြေ မြူးသည့် တိုက်စစ်မှူးများ၏ အနေအထားကို ကြည့်လျှင် ရိုးမားတိုက်စစ်မှူး တော့တီက ယခုအချိန်အထိ တစ်ဦးတည်း ၁၅ ဂိုးသွင်းထားနိုင် သလို အင်တာမီလန် တိုက်စစ်မှူး အက်ဒရီယာနိုကလည်း တစ်ဦးတည်း ၁၂ ဂိုးသွင်းထားနိုင်သည်။

ရိုးမားတို့က ၂၇ ပွဲကစား ၅၁ ဂိုး သွင်းထားနိုင်သလို အင်တာမီလန်တို့ကလည်း ၂၇ ပွဲကစား ၅၁ ဂိုးသွင်းထားရာ တိုက်စစ်တွင် ချိန်ခွန်လျှာမျှနေသည်။ သို့သော် ရိုးမားတို့၏ ခံစစ် အနည်းငယ် အားနည်းရုံကလွဲပြီး အင်တာမီလန်ကို အခက်အခဲ တွေ့အောင် ကစားသွားမည်သာ ဖြစ်သည်။



စီးရီးအေဘောလုံးပွဲစဉ်အဖြစ် အူဒီးနီးစ်နှင့် အင်တာမီလန်တို့ ကစားခဲ့သည့် ပွဲစဉ်၌ အူဒီးနီးစ်မှ ခရစ်စတင်းဇာပါတာ(ယာ)၏ ထိုးဖောက်မှုကို အင်တာမီလန်မှဂျူလီရိုခရစ်ဇ် နောက်မှ လိုက်လံ ဟန့်တားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖီအိုရင်တီးနားနှင့် ဆီနာ

ဖီအိုရင်တီးနားတို့ ခြေစွမ်းထက်လျက်ရှိရာ မိမိကွင်း၌ ဆီနာကို အနိုင်ကစားမည့် အနေအထားရှိသည်။ တန်းစီ ဇယားအဆင့်ငါး၌ ရပ်တည်နေသော ဖီအိုရင်တီးနားတို့ မိမိကွင်း၌ ဆီနာနှင့် နောက်ဆုံးငါးကြိမ်ဆုံခဲ့ရာ၌ ဖီအိုရင်း တီးနားတို့က သုံးပွဲနိုင်-နှစ်ပွဲ ရှုံးရလဒ်ရှိထားသည်။

ဖီအိုရင်တီးနား၏ တိုက်စစ်မှူး တိုနီမှာ ယခုအချိန်အထိ တစ်ဦးတည်း ၂၂ဂိုးသွင်းထားရာ ပွဲတိုင်းနီးပါးဂိုးသွင်းနိုင်သူဖြစ်သည်။ ဆီနာတိုက်စစ်မှူး ချီဆာကလည်း ယခုအချိန်အထိ တစ်ဦးတည်း ၁၀ ဂိုးသွင်းနိုင်သလို အယ်ဘာတိုကလည်း တစ်ဦးတည်း ရှစ်ဂိုးသွင်းထားသည်။

ဆီနာတို့ ခြေစွမ်းမှာ ပုံမှန်ဖြစ်ရာ အိမ်ကွင်း၌ ဖီအိုရင်တီးနားတို့ အနိုင်ကစားမည်သာ ဖြစ်သည်။

ချီယေးဗိုနှင့် လာဇီယို

အိမ်ကွင်းရလဒ် ကောင်းသော ချီယေးဗိုကို လာဇီယိုတို့ လက်ရှိခြေစွမ်းဖြင့် မလွယ်ချေ။လာဇီယိုတို့ အဝေးကွင်းချေပျက်နေတတ်ပြီး ကစားကွက် တည်မရ ဖြစ်နေသည်က များနေသည်။

သို့သော် ချီယေးဗိုကွင်း၌ လာဇီယိုတို့ သွားရောက်ကစားခဲ့သည့် နောက်ဆုံးငါးပွဲတွင် သုံးပွဲသရေ၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ရှိနေရာ ချီယေးဗိုတို့လက်ရှိခြေစွမ်းထက်နေသော်လည်း လွယ်လွယ်ကူကူ အနိုင်မရနိုင်ချေ။

ချီယေးဗိုတိုက်စစ်မှူး ပီလီဆီရာက ဂိုးသွင်းခြေထက်မြက်သလိုလာဇီယို တိုက်စစ်မှူး ဂိုချီကလည်းတစ်ဦးတည်း ၁၀ဂိုးသွင်းထားနိုင်သူဖြစ်ရာ အကြိတ်အနယ်ရှိမည့်ပွဲစဉ်ပင်ဖြစ်သည်။

(အင်တာနက်)

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပသည့် ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ စူပါဖလိုင်းဝိတ်ချန်ပီယံကာကွယ်ပွဲတွင် လက်ရှိချန်ပီယံ တိုကူယာမာ (ဝဲ) က စိန်ခေါ်သူ ဂျို့စ်နာဗာရိုအား ဤသို့ထိုးပြီး အနိုင်ယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့လက်ဝှေ့ကောင်စီ စူပါဖလိုင်းဝိတ်ချန်ပီယံ တိုကူယာမာ
စိန်ခေါ်သူ အမေရိကန်နိုင်ငံသားအား အနိုင်ရ

တိုကျို မတ် ၄

ကမ္ဘာ့လက်ဝှေ့ကောင်စီ(ဒဗလျူဘီစီ)၏ စူပါဖလိုင်းဝိတ်ချန်ပီယံ ဂျပန်နိုင်ငံသား တိုကူယာမာနှင့် စိန်ခေါ်သူ အမေရိကန်နိုင်ငံသား ဂျို့စ်နာဗာရိုတို့၏ လက်ဝှေ့ပွဲကို မကြာမီက ထိုးသတ်ခဲ့ရာ တိုကူယာမာ အနိုင်ရရှိခဲ့သည်။

ဂျပန်နိုင်ငံ အနောက်ပိုင်း အိုဆာကာမြို့၌ ထိုးသတ်သည့် စူပါဖလိုင်းဝိတ်ချန်ပီယံ ကာကွယ်ပွဲတွင် မာဆာနိုရီတိုကူယာမာက ၁၂ချီအပြည့်ထိုးပြီး အမှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ထိုလက်ဝှေ့ပွဲတွင် အီတလီဒိုင်လူကြီး ရိုင်ဒီရိုက ၁၁၆-၁၁၃၊ ဘယ်လ်ဂျီယံဒိုင်လူကြီးက ၁၁၇-၁၁၃၊ ဗြိတိန်ဒိုင်လူကြီးက ၁၁၆-၁၁၃ဖြင့် တိုကူယာမာအား အနိုင်ပေးခဲ့သဖြင့် ဒဗလျူဘီစီ၏ စူပါဖလိုင်းဝိတ်ချန်ပီယံကို ကာကွယ်နိုင်ခဲ့ခြင်း ဖြစ်သည်။ (အင်တာနက်)

အခြားပွဲများရလဒ်

လက်ချီ	-	**ပါလာမို**
လီဗော်နို	-	**ကာဂလီရာရီ**
မက်ဆီနာ	-	**ပါးမား**
ထရီဗီဆို	-	**ရက်ဂျီးနား**
အူဒီးနီးစ်	-	**အက်စ်ကိုလီ**

PEOPLE MAKEOVER
Workplace 1DAY
PEOPLE MAGAZINE March 2006 ထွက်ပြီ

Shampoo Glass Cleaner
Master

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် အေးချမ်းသာယာလမ်း အမှတ် ၇၄(အက်ဖ်)နေ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးရဲမြင့်-ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဒေါ်သိန်းသိန်းမြင့်တို့၏ အနှစ်(၄၀)မြောက် ပတ္တမြားရတု မင်္ဂလာအထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

PACIFIC DIGITAL PHOTO SERVICE
ဖလင် (၃)လိပ်ကူးလျှင် (သို့) ဖလင်(၃)လိပ်ပြည့်တိုင်း ဖလင်အသစ် (၁)လိပ် လက်ဆောင်ပေးသည်။
Digital Camera မှ
ပုံ 100 အထက် 10% Discont ပေးသည်
ပုံ 30 အထက်တစ်ပုံ Album လက်ဆောင်ပေးသည်။

ကန့်ကွက်နိုင်ပါကြောင်း ယာဉ်အမှတ် တက/၁၆၄၄၂ လက်ဝယ်ရှိသူက(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ပြည်နယ်ရုံး(တောင်ကြီး)သို့ ဆက်သွယ်နိုင်ပါကြောင်း။ **ကညန၊ပြည်နယ်ရုံး(တောင်ကြီး)။**

Yes!! 6,7,14 Mar
Speaking, Listening, Grammar
Phonetics, Pre-inter+Intermediate

M.A.E Education Centre
IELTS GCE
Basic Spoken (Speaking, Listening)
Basic Grammar (Grammar, Writing, Vocabulary)
Speaking (IELTS, Interview)
Writing (IELTS, GCE, SAT I)
Reading & Listening (IELTS)
No.277, Bogyoke Aung San Rd., Rm. 535, 5th Flr., Asia Plaza, Kyauktada T/S, Yangon.

ဝိပဿနာခုနစ်ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၄

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္ဘာ့ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလပြည့်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၅၂)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ မတ်၁၃ရက် ညနေ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် မတ်၁၃ရက် ညနေ၃နာရီထက် နောက်မကျစေဘဲ မိမိတို့၏အမျိုးသားမှတ်ပုံတင်များယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

KMD Computer Centre
LCCI Computerised Accounting (MYOB)
Duration (60) Hours

Y.E.S. International English Language Centre
Basic Spoken English : Mar - 14, 18, 28
Grammar Foundation Course: Mar - 22
Pre-Intermediate English: Mar - 18, 30, 28
Basic Writing Course (BWC) : Mar - 22
Structure & Written Expression: Mar - 14
iBT TOEFL, IELTS, API (4-Skills)
SAT, AWC, IWC, VEC, IE
No. 196, 2nd Flr., 28th St. (Upper Block) Pabedan Tsp 243950

ဒေါ်လဲ့လဲ့ဦး PDG-၀၇၃၈၅၆ နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ (အဖ)ဦးသင်၏သား ဦးမောင်မောင်လေး (SCG-၀၀၁၈၁၈)နှင့် အဖဦးမောင်ကြည်၏သမီး ဒေါ်လဲ့လဲ့ဦး (PDG-၀၇၃၈၅၆)တို့သည် လွန်ခဲ့သော ၁၅နှစ်ခန့်က နှစ်ဦးသဘောတူ ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားတစ်ယောက် ထွန်းကားခဲ့ပါသည်။ ဒေါ်လဲ့လဲ့ဦးမှ သည်းခံခွင့်မလွှတ်နိုင်အောင်ပြုမူနေထိုင်ပါ၍ လွန်ခဲ့သော လေးနှစ် ၂၀၀၂ခုနှစ်ခန့်မှစ၍ ဦးမောင်မောင်လေးမှာ တစ်သီးတခြား နေထိုင်လျက်ရှိပါသည်။ ဦးမောင်မောင်လေးအနေဖြင့် လူမှုရေး ထောက်ထားသောအားဖြင့် ဒေါ်လဲ့လဲ့ဦးထံ ရှေ့နေငှား၍နို့တစ်စာ ပေးပို့ပြီး နှစ်ဦးသဘောတူကွာရှင်းရန်အတွက် ဆွေးနွေးညှိနှိုင်းရန် ၂၈-၂-၂၀၀၆ရက်တွင် လာရောက်ရန် လာရောက်မှုပျက်ကွက်ပါက ဆက်လက်ပေါင်းသင်းခြင်းမပြုဘဲ ကွာရှင်းပြီးဖြစ်သည်ဟု မှတ်ယူမည် ဖြစ်ကြောင်း အကြောင်းကြားခဲ့ပါသည်။ ဒေါ်လဲ့လဲ့ဦးသည် ၂၈-၂-၂၀၀၆ရက်တွင် ရှေ့နေထံ လာရောက်အကြောင်းကြားခြင်းမရှိသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်လေးအနေဖြင့် ဒေါ်လဲ့လဲ့ဦးအား ဇနီးအဖြစ်မှအပြီးအပိုင်စွန့်လွှတ်ပြတ်စဲပြီးဖြစ်ကြောင်း၊နောက်နောင်တွင် ဒေါ်လဲ့လဲ့ဦးနှင့် တစ်စုံတစ်ရာပတ်သက်ခြင်း မရှိတော့သည့်အပြင် ဦးမောင်မောင်လေး၏ လူမှုရေး၊ စီးပွားရေးကိစ္စများတွင် ဝင်ရောက်နှောင့်ယှက်ခြင်းမပြုရန်နှင့် ပြုမူပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကြည်စန်း(ခ)ဦးဇော်မင်း
B.A (Law), LL.B
တရားရုံးချုပ်ရှေ့နေ ဖုန်း-၅၅၃၀၅၁။

မင်္ဂလာဗျူဟာယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၄

ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာ သင်တန်းကျောင်း၌ မတ်၁၁ရက် (စနေနေ့) နံနက်၈နာရီတွင် (၄၈)ကြိမ်မြောက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းနှင့်မွန်းလွဲ၁နာရီတွင် မင်္ဂလာဗျူဟာဝတ်ရွတ်စဉ်သင်တန်းကို အပတ်စဉ် (စနေ၊ တနင်္ဂနွေ)နေ့တိုင်း ခမ္မဒါန သင်ကြားမည်ဖြစ်ရာ အသက်၇နှစ်မှ ၈၀အထိ တက်ရောက်သင်ကြားနိုင်၍ သင်တန်းများအတွက် အလှူငွေများ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၅၂)**

NELC Nelson English Language Centre
SUMMER ENGLISH COURSE
Age 4 to 15: (March to May) Course Fee Opening Date
Monday to Friday Ks-85000/ March 14
Saturday & Sunday Ks-40000/ March 11
May paper-based TOEFL Special Class
01-534 287,707 482

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

မီးစက်ရောင်းရန်ရှိသည် လက်ရှိအသုံးပြုနေသော
အင်ဂျင် MITSUBISHI 8DC 9TC (1998) (V-SHAPE)
ဒိုင်နမို MITSUBISHI (LOMA)(LS.350) 350 KVA/288 KW
ဆက်သွယ်ရန်-၀၉-၅၁ ၂၄၀၀၆၊ ၅၉၁၁၂၈။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁ယ/၇၉၈၉ လက်ဝယ်ရှိသူက(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(လှိုင်လင်)သို့ ဆက်သွယ်နိုင်ပါကြောင်း။

ကညန၊ခရိုင်ရုံး(လှိုင်လင်)။

Special Guide for IELTS, TOEFL, GCE, SAT, SPE

Computer Rental
(P-II, P-III, P4 with CD-ROM and Speaker)
Monitor
COMPUTER SERVICE
NAWARAT Computer Sales, Service, Rental & Training

ကွမ်းရွက်ပုံ

မိုင်းခတ်မြို့သာယာလှပရေး လုပ်ငန်းများဆောင်ရွက်

မိုင်းခတ် ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ၂၀ ရက်က မြို့လယ်ပန်းခြံ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို တာဝန်ခံအင်ဂျင်နီယာ ဦးရဲမင်းအောင် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကွင်းဆင်း ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ် စည်ပင်)

မိုးညို မြို့ဦးအောင်ဆုပန်စေတီ ဘက်စုံပြုပြင်ရန် ငွေလှူဒါန်း

မိုးညို မတ် ၁

ပဲခူးတိုင်း မိုးညိုမြို့ ဇောတိကရပ်ကွက်နေ ဦးထွန်းရီနှင့် သား မောင်နေမျိုးအား ရည်စူး၍ ဒေါ်ခင်ညိုမိသားစုတို့က မြို့ဦးအောင်ဆုပန်စေတီ ဘက်စုံပြုပြင်ရန် အလှူငွေကျပ်ခြောက်သိန်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက် နံနက် ၁၀နာရီက ရေချမ်းအိုးကျောင်းတိုက်၌ကျင်းပရာ ရေချမ်းအိုးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမသာရလင်္ကာရ၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်ဆွေနှင့် ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် လှူဒါန်းငွေကျပ် ခြောက်သိန်းကို အလှူရှင်ဒေါ်ခင်ညို မိသားစုကပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်ဆွေက လက်ခံယူကြောင်း သိရသည်။**(ဝဲပုံ)** **(က-ပ)**

ကျောက်ပန်းတောင်း သုံးထပ်တိုက်ကျောင်းနှင့်ဘုရားဆောင် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကျင်းပ

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၇

ကျောက်ပန်းတောင်းမြို့ ဘူတာရပ် သုဒ္ဓဝိပဿနာ ကျောင်းတိုက်တွင်း၌ အသစ်ဆောက်လုပ်ပြီးစီးသော ဘုရားဆောင် သုံးထပ်တိုက် ကျောင်း နှင့် ဝိပဿနာ ကျောင်းတော်ကြီး ပြုပြင်မွမ်းမံပြီးစီးခြင်း ရေစက်ချလှူဒါန်းပွဲကို ဇန်နဝါရီ ၂၀ရက်က သုဒ္ဓဝိပဿနာကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ နမော တဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ သုဒ္ဓဝိပဿနာကျောင်းတိုက် နာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဩကာသထံမှ ရှစ်ပါးသီလ ခံယူကြပြီး အလှူရှင် ဦးကြံဆောင်-ဒေါ်ကံတော်နှင့် ဦးထွန်းဖေ-ဒေါ်ခင်မြင့် မိသားစုတို့က ဆရာတော်နှင့် တကွ ပင့်သံဃာတော်အရှင်မြတ်တို့အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ဆောက်လုပ်လှူဒါန်းမှုကျောင်းဆောင်နှင့် ပြုပြင်လှူဒါန်းမှုအစုစုတို့အတွက် နာယကဆရာတော်၏ အလှူအနုမောဒနာ တရားတော်များ နာယူကြသည်။ **(ဝဗြ)**

မန္တလေးမော်ကွန်းရုပ်ရှင်မှဝန်ထမ်းများ ခြစ်ညည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး

မန္တလေး ဖေဖော်ဝါရီ ၂၀

မန္တလေးမြို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း အထက်မြန်မာနိုင်ငံရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းဦးဆောင်၍ ခြစ်ညည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးအဖွဲ့ ခေါင်းဆောင်များဖြစ်ကြသော ဌာနခွဲမှူး ဗိုလ်ကြီးမောင်မောင်၊ ငွေစာရင်းဌာနခွဲမှူး ဦးကြည်ရှိန်တို့၏ ကြီးကြပ်မှုဖြင့် ရုံးခွဲမှဝန်ထမ်းများ၊ မန္တလေးလုပ်ငန်းစုရုံးမှ ဝန်ထမ်းများနှင့် မန္တလေးမော်ကွန်းရုပ်ရှင်မှ ဝန်ထမ်းများ စုပေါင်း၍ ဖေဖော်ဝါရီ ၁၁ရက် ရုံးခွဲဝင်းအတွင်းရှိ မြေကွက်လပ်၌ ခြစ်ညည်းရိုးကြက်ဆူပင်များကို တပျော်တပါးစုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဘိုကလေးမြို့နယ် ဥက္ကဋ္ဌဖလား ပထမအကြိမ် (ဖူဆယ်) ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက်က မြို့မအားကစားကွင်းတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးကိုးအောင် တက်ရောက်အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

မိတ္ထီလာမြို့၌ စက်ရေတွင်းတူးဖော်

မိတ္ထီလာ ဖေဖော်ဝါရီ ၆

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ကျေးလက်စက်ရေတွင်း နှစ်လက်မ ပေ ၃၀၀အနက် စက်ရေတွင်း ၁၆တွင်း တူးဖော်မည်ဖြစ်ရာ မိတ္ထီလာမြို့ သီးပင်ကုန်းကျေးရွာတွင် ၁၃တွင်းမြောက် စက်ရေတွင်းတူးဖော်ပြီး၍ ရေမှုတ်တွင်းဆေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၉ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဆန်းဝင်းနှင့် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဝင်းမင်းသန့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးပြည်စိုးတို့ ကြီးကြပ်ပေးကြကြောင်း သိရသည်။**(အပေါ်ပုံ)** **(မြို့နယ် စည်ပင်)**

နမ္မတူမြို့ ပန်ဟိုက်ရပ် ချယ်ရီလမ်း ကတ္တရာလမ်းသစ်ဖွင့်

နမ္မတူ ဖေဖော်ဝါရီ ၂၀

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နမ္မတူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်ပြီးစီးခဲ့သော ပန်ဟိုက်ရပ် ချယ်ရီလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက်က အဆိုပါလမ်းထိပ်မုခ်ဦးတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဇော်မင်းထွန်းက လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး မြင့်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်

အဆိုပါ ချယ်ရီကတ္တရာလမ်းသစ်သည် အရှည်ပေ၇၃၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၃၀၅၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

အလှပန်းများစိုက်ပျိုး

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို သန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်သော မြို့ဖြစ်စေရန် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးခင်အောင်နီ၊ ဒုတိယဦးစီးမှူး(သန့်)တို့ ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပြည်ထောင်စုလမ်းမကြီး မြေနှင့်ရေတွင်းကွေ့ မင်္ဂလာပါဖလားတွင်လည်းကောင်း၊ ပြည်ထောင်စုလမ်းမကြီးနှင့် အနော်ရထာ လမ်းထောင့်တွင်လည်းကောင်း၊ မြို့သစ်နာရီစင်အနီး ရွှေတောင်ကြားလမ်းထောင့်တို့တွင် လမ်းဘေးမြေယာရှူခင်း အလှပြင်ဆင်ပြီး အလှပန်းများ စိုက်ပျိုးကြသည့် လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအေးဆွေက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အသံ

၆-၃-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ရွှေဘိုစက်မှုဇုန်ထုတ် စပါးခြွေလှေ့စက်အကြောင်း)

၁၁:၄၀ သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာ-သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)

၁၂:၂၅ အားကစားသတင်းပဒေသာ

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီ-ဇီဝဗေဒတတ်ကျွမ်းမှု)

ညနေပိုင်း

၁၆:၁၅ အနုပညာရှင်များနှင့် ဆွေးနွေးခန်း (ဂန္ထဝင်တေးသံရှင် ဦးအုံကြီးနှင့် ဆွေးနွေးခြင်း) (အပိုင်း-၂) -၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာအစီအစဉ် (ရူပဗေဒ)

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ (ပြည်တွင်း)

၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (နဝရတ်ကိုးပါး ဂုဏ်စွမ်းအား-အောင်ဇေယျာမင်း)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ မစပယ်ဖွေးနှင့် မမြတ်နိုးခင်ဆိုင်းအဖွဲ့)

ကဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကဝမြို့ (၄)ရပ်ကွက် ခန်းမလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းကို ဇန်နဝါရီ ၃၀ရက်က အမှုဆောင်အရာရှိ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၂၄၀)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီပရိဝုဏ်အတွင်း ဘက်စုံပြုပြင်ရန်အတွက် ဇန်နဝါရီ ၅ ရက်က မော်လမြိုင်အောက်ကျဉ်းရပ် တရုတ်တန်းလမ်း အမှတ် ၃၄နေ နှစ်ဖက်သော မိဘများအား အမှူးထား၍ (ဦးရွှေဟန်)-ဒေါ်ခင်ညွန့် သား သမီး မြေးတစ်စုတို့က ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူးဦးခင်မောင်ဝင်းက လက်ခံရယူစဉ်။ (၁၆၈)

5-3 (15).p65 1 3/30/1905, 6:02 PM

မိုးနဲမြို့၌ ခြစည်းရိုးကြက်ဆူပင် ပျိုးထောင်မှုစစ်ဆေး

မိုးနဲ ဖေဖော်ဝါရီ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း)ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ပြည်နယ် ရဲတပ်ဖွဲ့မှူး ပြည်နယ်ရဲမှူးကြီး သူရတင်လှ၊ လင်းခေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေတို့သည် ဖေဖော်ဝါရီ၂၁ ရက် နံနက် ၉ နာရီက မိုးနဲမြို့နယ်ရှိ ခြစည်းရိုးကြက်ဆူပင် ပျိုးထောင်မှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းပြသရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ပြည်နယ်ရဲမှူးကြီးနှင့် ခရိုင်ဥက္ကဋ္ဌတို့က လိုအပ်သည်များမှာကြားကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် သန်လျင်မြို့နယ် ကျောင်းကံကွင်းကျေးရွာ နှစ်လက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်မှုကို ဖေဖော်ဝါရီ၆ရက်က အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် အင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်းတို့ ကြီးကြပ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကျောက်ဆည်ကျေးရွာအဝင်လမ်း မြေကျောက်လမ်းခင်း

ကျောက်ဆည် ဖေဖော်ဝါရီ ၁၈

ကျောက်ဆည်မြို့နယ် အင်ဒိုင်းကျေးရွာနှင့် ရန်ကုန်-မန္တလေး မော်တော်ကားလမ်း ဆက်သွယ်သော ကျေးရွာအဝင်လမ်း မြေကျောက်လမ်းခင်းခြင်းကို ဇန်နဝါရီ ၂၀ ရက်က စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ လမ်းခင်းခြင်းလုပ်ငန်းခွင်သို့ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိဟဆွေနှင့် အမှုဆောင်များ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာစည်းရုံးရေးမှူး ဦးတိုးဝေညွှန့်၊ တွဲဖက်စည်းရုံးရေးမှူး ဦးခင်မောင်ဝင်းနှင့် အသင်းဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားမိသားစုများ ပါဝင်မြေဖို့ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(က-ပ)**

ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း ခြစည်းရိုး ကြက်ဆူပင်များ ပျိုးထောင်

ပျော်ဘွယ် ဖေဖော်ဝါရီ ၂၄

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ဗဟိုမီးသတ်သင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး ဦးကျော်သူရနှင့် မန္တလေးတိုင်း မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးသန်းကျော်ကျော်တို့သည် ဖေဖော်ဝါရီ ၁၆ရက် နံနက် ၁၀ နာရီက ပျော်ဘွယ်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်မိုးက လုပ်ငန်းဆောင် ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့်အဖွဲ့သည် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းအတွင်းရှိ မီးသတ်ယာဉ်၊ စက်များ၊ ဩည့်ရိပ်သာ၊ ဝန်ထမ်းအိမ်ရာနှင့် ခြစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးမှု၊ ပျိုးထောင်မှုတို့ကို ကြည့်ရှု စစ်ဆေး၍ **(အပေါ်ပုံ)** လိုအပ်သည်များကို မှာကြားပြီး တပ်ဖွဲ့ဝင်မိသားစုများအား ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သရက်ခရိုင် မင်းတုန်းမြို့နယ် ကျောက်တိုင်ကျေးရွာ တွဲဖက်အလယ်တန်းကျောင်း၌ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် လေးနှစ်မြောက် ပညာဘဏ်တိုက်စာကြည့်တိုက် နှစ်ပတ်လည်နေ့တွင် စာဖတ်အား အကောင်းဆုံးဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်ကကျင်းပရာ ကျောက်တိုင်ကျေးရွာဥက္ကဋ္ဌက အမှာစကားပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

ဘိုကလေးမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

ဘိုကလေး ဖေဖော်ဝါရီ ၁၅

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင် တားဆီးကာကွယ်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိရာ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက်ကွင်းဆင်း စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြလေ့ကျင့်ပွဲကို ဇန်နဝါရီ၂၈ ရက်က ကျင်းပရာ မီးဘေးတားဆီးကာကွယ်ရေးသရုပ်ပြအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ ရေးအဖွဲ့ ဦးတင့်လွင်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးမှူး ဦးအေးကြည်နှင့် တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များတက်ရောက်၍ စုပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ ရေဦး၌ ကျင်းပ အသုံးဝင်ပုံနှင့် စိုက်ပျိုးရေးဆိုင်ရာ ဆွေးနွေး

ရေဦး ဖေဖော်ဝါရီ ၁၆

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ခြစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်ကို ဇန်နဝါရီ ၂၁ရက် နံနက် ၉နာရီက အင်းတော်ရွာ ပျိုးဥယျာဉ်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခြစည်းရိုး ကြက်ဆူပင်၏ အသုံးဝင်ပုံများနှင့် စိုက်ပျိုးရေးဆိုင်ရာ သိသင့်သည်များကို ဆွေးနွေးမှာကြားသည်။

ပျိုးထောင်

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်အေးနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အဖွဲ့အစည်းဝင်များနှင့် တောင်သူလယ်သမားများက ခြစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေး ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း ရမ်းဗြဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားမှုကို ဇန်နဝါရီ ၁၆ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းဆန်းနှင့်တာဝန်ခံအင်ဂျင်နီယာဦးဦးကျော်ညွှန့်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး အေအိုင်ဒီအက်(စ်)နှင့်ပတ်သက်၍ ပညာပေးဟောပြော

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၀

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာဖွဲ့က ကြီးမှူးကျင်းပသော အေအိုင်ဒီအက်(စ်)နှင့် အိပ်ချ်အိုင်ဗွီ ကျန်းမာရေးပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၈နာရီက မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားကော်မတီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချ ဦးစီးမှူး ဦးစိုးမင်းနှင့်ဝန်ထမ်းများ၊ပြည်တွင်းကုန်တင်ကုန်ချဝန်ထမ်းများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မေစီက အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်းကို လည်းကောင်း၊ အဖွဲ့စီမံ၊ ဘဏ္ဍာ၊ ပြန်ကြားလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်ဝင်းဝင်းက အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ အဖွဲ့ဥပဒေရေးရာအဖွဲ့ ခေါင်းဆောင် ဒေါ်မြင့်မြင့်စန်းက အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ဥပဒေရေးရာများကို လည်းကောင်း၊ အဖွဲ့ကျန်းမာရေးအဖွဲ့ခွဲ ခေါင်းဆောင် ဒေါက်တာဒေါ်မြမြအေး **(အောက်ပုံ)**က အေအိုင်ဒီအက်(စ်) အကြောင်း သိကောင်းစရာများကို လည်းကောင်း ကျန်းမာရေးပညာပေး ဟောပြောကြသည်။ **(ဝ၉၇)**



လှိုင်ယ် ရေ ကြောင်းကျောင်းသား ကျောင်း သူ ဟောင်းများ (၁၉၇၁-၁၉၈၈) ခုနှစ်၏ ဒုတိယ အကြိမ် ဆရာကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က မြတ်လေးရုံကျောင်းတိုက် မြတ်လေးရုံ ကျောင်း လမ်း ထိပ်ဟံသာမွန် ရိပ်မွန်အိမ်ရာ ဆင်မလိုက် သဘော်ကျင်းဘေး ကမာရွတ်မြို့နယ်တွင် ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။

(က-ပ)

ဖေဖော်ဝါရီ ၁၇ ရက်က ထားဝယ်မြို့နယ်တွင် ကြက်ဆူပင်ဧက ၃၀၀ စိုက်ပျိုးရန်အတွက် ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကြက်ဆူပျိုးခင်းအမှတ် (၁)၌ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ညိုက ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ မျိုးစေ့ပျိုးထောင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကလေးမြို့နယ် ငါးဖားကျေးရွာ နှစ်လက်မ စက်ရေတွင်းနှင့် ဂါလန် ၆၀၀ ဆံ့ အုတ်ရေကန်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က စက်ရေတွင်း မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်၊ မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် ငါးဖားကျေးရွာ ဥက္ကဋ္ဌ ဦးခင်လှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့၌ မြို့ပတ်ကတ္တရာလမ်းသစ်ဖွင့် ကျပ်၁၂၉သိန်းဖြင့် အကုန်အကျခံဆောင်ရွက်

မူဆယ် ဖေဖော်ဝါရီ ၂၀

မူဆယ်မြို့ ဟိုနားရပ်ကွက် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကျော်ဇေယျက လမ်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်မှူးရဲလင်းဦးနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်တို့က ကတ္တရာလမ်းသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ် ပထမပိုင်းမှာ ရွှေပြည်သစ်မြို့သစ်တံတားမှ ဟိုနားရပ်ကွက်မြို့ပတ်လမ်းအထိ အရှည် ပေ ၂၆၀၀၊ အကျယ် ၁၂ ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၀၃သိန်းဖြင့် လည်းကောင်း၊ ဒုတိယအပိုင်းမှာ ရွှေပြည်သာတံတားမှ မြို့ပတ်လမ်းဟောင်းအထိ အရှည်ပေ ၁၀၀၀၊ အကျယ်ပေ ၁၀ရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၆သိန်း စုစုပေါင်း ၁၂၉ သိန်းဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

အင်းစိန်မြို့ ရွာမအနောက် ရပ်ကွက် မြို့ပတ်လမ်း အမှတ်၁၁၂နေ မိဘများဖြစ်သော ဦးကျော်ဟိုး-ဒေါ်ရင်ရွှေတို့အား ရည်စူး၍ သားသမီးမြေးတစ်စုတို့က အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ကွက်သစ်မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်း စိန်ရတနာနာရေးကူညီမှုအသင်းသို့လှူဒါန်းရာအသင်းဥက္ကဋ္ဌ(၂)ဦးအေးသိန်းက လက်ခံယူစဉ်။ (က-ပ)

ပြည်မြို့ ခြံအမှတ် ၁၉၅/၁၉၆-အေလမ်း အောင်ဆန်းပြည်သာယာနေ ဦးသန်းဌေး-ဒေါ်ယဉ်နွဲ့မိသားစုက မွေးနေ့အလှူအဖြစ် ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာပရိယတ္တိစာသင်တိုက်သို့ နဝကမ္မအလှူငွေကျပ်တစ်သိန်းကိုအမှတ်(၃)ရပ်ကွက်၊ သိမ်တော်ကြီးလမ်း၊ ဇေယျဝံသပရိယတ္တိ စာသင်တိုက်အတွင်းရှိ ကရုဏာ လူမှုကူညီရေးအသင်း ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာအသင်းနာယက ဦးကျော်ညွန့်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ပိုလ်တထောင်စေတီတော် ဈေးပြိုင်လေလံ ၁/၂၀၀၆

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့မှ အောက်ပါလုပ်ငန်းများကို ဈေးပြိုင်လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါ၍ ဈေးပြိုင်လေလံဆွဲဝယ်ယူလိုသူများသည် ၁၉-၃-၂၀၀၆ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီအချိန်တွင် ဂေါပကအဖွဲ့ရုံး၌ ဈေးပြိုင်လေလံဆွဲဝယ်ယူ နိုင်ကြောင်း ကြေညာအပ်ပါသည်။

(၁)ဆိုင်ခန်းများဖွင့်လှစ်ရောင်းချခြင်း၊
(၂)ဗိုလ်တထောင်ကမ်းနားအနီး စားသောက်ဆိုင်ဖွင့်လှစ်ရောင်းချခြင်း၊
(၃)စေတီပရိဝုဏ်အတွင်း ဓာတ်ပုံရိုက်ခွင့်လုပ်ငန်း၊
(၄)လိပ်စာ၊ ငါးစာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်း၊
(၅)ငှက်များဘေးမဲ့လွှတ်ခြင်းလုပ်ငန်း၊
(၆)အခကြေးငွေယူစနစ်ဖြင့် ရေချိုးခန်း၊ သန့်စင်အိမ်သာလုပ်ငန်း၊
(၇)ယာဉ်ရပ်နားခ ကောက်ခံခွင့်လုပ်ငန်း၊
(၈)ဖယောင်းခွာယူခွင့်လုပ်ငန်း၊
(၉)အုန်းသီးခွာယူခွင့်လုပ်ငန်း၊

အသေးစိတ် သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဗိုလ်တထောင်စေတီတော်၊ဖုန်း- ၂၉၂၁၆၉၊ ၂၀၂၀၈၆။

A&Z

☎ 09 - 8032193

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးစိန်ရွှေ၏သား မောင်ကျော်မင်းထွန်း ၇/လပတ(နိုင်)၀၉၃၂၀၁ သည် မိဘမောင်နှမများ စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရွှေ
၇/လပတ(နိုင်)၀၁၁၉၅၀။

ဦးတင်ဦး (ပုသိမ်)
အသက်(၈၂)နှစ်

ပုသိမ်မြို့၊ ရွှေစည်းခုံလမ်းနေ (ဦးဘဂျမ်း-ဒေါ်ရှု)တို့၏သား၊ (ဦးခင်ဇော်)-ဒေါ်ရင်မေ တို့၏အစ်ကို၊ ဦးနိုင်ဝင်း-ဒေါ်ခင်သန်းနွဲ့၊ ဦးခင်မောင်ဌေး-ဒေါ်ခင်အုန်းမြင့်(မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ်)၊ (ဒေါ်ခင်ပြုံးဦး)၊ ဦးငွေမြင့်-ဒေါ်ခင်ထွေးဖြူ (ဦးဇော်ဝင်း)တို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး၊ဒေါ်စိန်စိန်၏ခင်ပွန်းသည် ရန်ကုန်မြို့၊ ကြို့ကုန်း စိုက်ပျိုးရေးဝင်းနေအိမ်၌ ၁-၃-၂၀၀၆ရက် ည ၆:၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၃-၂၀၀၆ ရက်တွင် ထိန်ပင် သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

Saya Wallace B.Sc C.S.C (AUSTRALIA)
(SPOKEN ENGLISH WITH GRAMMAR)
1. PRACTICE
2. PRACTICE
MARCH / 2006
AIRCON

MRTV-4 ပရိသတ်များအတွက်

Family Entertainment

Promotion

Promotion

Family Entertainment Group Co.,Ltd.

FAMILY Entertainment Group

International English Language Centre
IELTS U NYAN WIN
We have proof of the IELTS results required to enter Worldwide Universities.
345, Room 16, Mahabandoola St, bet 39th & 40th St, Kyauktada, Yangon. Tel: 385560

1350 Sqft/ 1-MBR/ 3-BR/ 4-Aircon/ Ext-Phone/One Heater
1250 Sqft/ 1-MBR/ 2-BR/ 3-Aircon/
Telephone : 0999-25522

တက္ကသိုလ်များရောက်ကျောက်တန်း (သထုံလမ်း)
☎ : 01-513109, 701387

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာဂျွန်ဖိုးရိန်
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၅၊ အေးသိဒ္ဓိလမ်း၊ အင်းစိန်မြို့နယ်နေ (ဦးအေ၊ ဒီဆေးလ်ဗား-ဒေါ်လှဦး)တို့၏ သမီး၊ (ဦးရောဘတ်ဖိုးရိန်)၏ဇနီး၊ ဒေါ်သီတာရိန်-ဦးနစ်ကီဒင်တို့၏မိခင်၊ ဆယ်ရာအဲန်းဒင်၏အဘွားသည် ၁-၃-၂၀၀၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၄၀နာရီ၌ အထက်ပါနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ပါ၍ ၆-၃-၂၀၀၆ ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရွာမနှစ်ခြင်းအသင်းတော် အင်းစိန်တွင် ဝတ်ပြုဆုတောင်းပြီးနောက် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

စစ်ကိုင်းတိုင်း၊ ဗွီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလှအောင်-ဒေါ်ခင်မဌေးတို့၏ မိခင်ဒေါ်အေးရွှေ အသက်(၉၀)ကွယ်လွန်ကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။ **စစ်ကိုင်းတိုင်း ဗွီဒီယိုအခြေခံအဖွဲ့။**

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး
ဦးစောလွင်
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
အသက် (၅၈)နှစ်

ရန်ကုန်အဝေးသင်တက္ကသိုလ် သတ္တဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်မာမာသီ၏ ခင်ပွန်းဖြစ်သူ ဦးစောလွင်သည် ၁-၃-၂၀၀၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **တက္ကသိုလ်များသမိုင်းသုတေသနဦးစီးဌာနမိသားစု။**

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာကြီး
ဦးစောလွင်
ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
အသက် (၅၈)နှစ်

ရန်ကုန်အဝေးသင်တက္ကသိုလ် သတ္တဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်မာမာသီ၏ ခင်ပွန်းဖြစ်သူ ဦးစောလွင်သည် ၁-၃-၂၀၀၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနမိသားစု။**

ဝမ်းနည်းကြေကွဲခြင်း

အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်(၅၈)နှစ် သည် ၁-၃-၂၀၀၆ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တွေတက္ကသိုလ်မိသားစု။

ဒဂုံတက္ကသိုလ်တွင်တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေမည့် ရန်ကုန်-ဒဂုံတက္ကသိုလ်ရထားလမ်းပိုင်းနှင့် ဒဂုံတက္ကသိုလ်ဘူတာသစ်ဖွင့်ပွဲကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံတက္ကသိုလ်ဘူတာဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တည်ဆောက်ပြီးစီးသွားသည့် ရန်ကုန်-ဒဂုံတက္ကသိုလ် ရထားလမ်းပိုင်းနှင့် ဒဂုံတက္ကသိုလ်ဘူတာသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီ ၁၅မိနစ်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အဆိုပါ ဒဂုံတက္ကသိုလ်ဘူတာသစ်ရှေ့၌ ကျင်းပသည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံတက္ကသိုလ်ဘူတာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်-ဒဂုံတက္ကသိုလ်ရထားလမ်းပိုင်းနှင့်ဒဂုံတက္ကသိုလ်ဘူတာသစ်ဖွင့်ပွဲ အခမ်းအနားအထိမ်းအမှတ် အဖြစ် ဒဂုံတက္ကသိုလ်ဘူတာမှ ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)



တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားနှင့် စည်တော်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တက်ရောက်

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို

စာမျက်နှာ ၃ ကော်လံ ၁ ●

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားလူငယ်တစ်ဦး ကွန်ပျူတာများပေါ်တွင် မြန်မာစာအသုံးပြုမှုကို တီထွင်နိုင်ပြီ

ကွန်ပျူတာများပေါ်တွင် မြန်မာစာအသုံးပြုနိုင်အောင် တီထွင်ပြုလုပ်နိုင်ခဲ့မှုနှင့်ပတ်သက်ပြီး မောင်ထူးမြင့်နောင်က လက်တွေ့ပြသ ရှင်းလင်းပြောကြားစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံတွင် ကွန်ပျူတာအသီးသီး၌ မြန်မာစာကို ကွန်ပျူတာစနစ်အတွင်း အမှန်တကယ်အသုံးချနိုင်ရေးနှင့် ပတ်သက်ပြီး ပညာရှင်အသီးသီး၊ အဖွဲ့အစည်းအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန်တွင် ကွန်ပျူတာများပေါ်၌ မြန်မာစာထည့်သွင်း အသုံးပြု၍ရအောင် ပြုလုပ်ပေးနိုင်သောစနစ်ကို ယခုအခါ မြန်မာလူငယ်လေးတစ်ဦးက အောင်မြင်စွာ တီထွင်နိုင်ခဲ့ပြီဖြစ်သည်။

ထိုမြန်မာစာအသုံးပြု ကွန်ပျူတာစနစ်ကို တီထွင်သူမှာ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ တတိယနှစ်ကျောင်းသား အသက်

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

၁၈နှစ်အရွယ်ရှိ မောင်ထူးမြင့်နောင်ပင်ဖြစ်သည်။ မောင်ထူးမြင့်နောင်သည် အဖ ဦးမြင့်သူ-အမိ ဒေါ်မာလာစိုးတို့မှ ၁၉၈၇ခုနှစ် ဩဂုတ် ၂၂ ရက်၌ မွေးဖွားခဲ့သူဖြစ်ပြီး ယခုအခါ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် တတိယနှစ်တွင် တက်ရောက်ပညာသင်ကြားနေသူဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻